မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၉)

ပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းရေး ဆက်တိုက် ဆောင်ရွက်ပေးသွားမည်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု ကိစ္စအပါအဝင် လူမှုစီးပွားဘဝတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဦးတည်ချက်များချမှတ်ပြီး ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိ နောင်တွင်လည်း ပြည်သူများ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် မည်သည့်အခါမှ ရပ်တန့်မနေဘဲ တိုးတက်သည်ထက် တိုးတက်အောင် ဆက်တိုက်ဆောင်ရွက်ပေးသွားမည်။

ဒေသတွင်း ပညာတတ်လူငယ်များ ပေါ်ထွက်လာရေး ဆန်စပါး တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အလေးထား

နိုင်ငံတော်တစ်ဝန်းလုံးရှိ ဆေးရုံ၊ ဆေးခန်းများကို အဆင့်မြှင့်ခြင်းနှင့် ဖွင့်လှစ်ပေးခြင်းတို့မှာ ပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြှင့်တင်ပေးနိုင်ရေးအတွက်ဖြစ် နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုအောက်၌ စစ်မှန်သောပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် တစ်စိတ်တည်း၊ တစ်ဝမ်းတည်း လက်တွဲပူးပေါင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့မှ နောင်မွန်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိပြီး ရှေးဦးစွာ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် ရှေ့တန်းစခန်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့အပြင် စခန်းအတွင်း စီစဉ်ပြသထားသည့် ဒေသထွက်သစ်သီးဝလံများနှင့် သားရဲတိရစ္ဆာန်တို့၏ ရုပ်ကြွင်းများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့တော်ခန်းမ၌ နောင်မွန်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်က နောင်မွန်မြို့နယ်နှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်က ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ထပ်မံမေးမြန်းပြီး လိုအပ်ချက်များကို စီမံဆောင်ရွက်ပေးကာ ဒေသအတွင်း ပညာတတ်လူငယ်များ ပေါ်ထွက်လာရေး၊ ဆန်စပါးတိုးချဲ့စိုက်ပျိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပူတာအိုဒေသ၌ ဖြစ်ထွန်းသည့် ရေနံပင်၊ အသီး၊ အစေ့၊ ကြိတ်ဖတ်နှင့် ဆီနမူနာ၊ တိန်းကောပင်၊ အသီးနှင့် ဆီနမူနာများ၊ ဂရိတ်ဖရု၊ တယ်သီး၊ ရှီးပတီး၊ မချစ်ဉ၊ ခန်းတောက်မြစ်ဒေသထွက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး အသိတရားရှိရှိ စေတနာထား သယ်ပိုးဆောင်ရွက်

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြံ့နိမ့်မြင့်ကွာဟချက်များ လျော့နည်းကျဆင်းပြီး တိုင်းရင်းသားအားလုံး၏ လူနေမှုဘဝ ပြည့်စုံလုံခြုံရေးတို့အတွက် နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းတို့ကို ချမှတ်ဖော်ဆောင် ပေးလျက်ရှိသည်။

ကချင်ပြည်နယ် မြစ်ကြီးနားဒေသနှင့် ဗန်းမော်ဒေသတို့ကို ဖွံ့ဖြိုးရေးဒေသများအဖြစ် ထူထောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လူဦးရေများပြားပြီး အချက်အချာကျသည့် မိုးညှင်းဒေသကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းဒေသများတွင် တက္ကသိုလ်၊ ကောလိပ်များ၊ အဆင့်မြင့် ဆေးရုံများ စသည့် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်စောင့်ရှောက်ရာ အဖွဲ့အစည်းဌာနများဖြင့် ကြွားကြွားဝင့်ဝင့် ရပ်တည်လာနေပြီဖြစ်သည်။ ဖွံ့ဖြိုးရေးဒေသများကို အကြားအလပ်မကျန်ရှိစေဘဲ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ဤဒေသများသည် တစ်ချိန်တစ်ခါက လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရပြီး ဆင်းရဲဒုက္ခများစွာ ခံစားခဲ့ရသည်။ ယခုအခါ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှု၏အရသာကို ဒေသခံပြည်သူများ အပြည့်အဝ ခံစားနေကြရပြီဖြစ်သည်။

ဤဒေသ၌ ၁၄ မိုင်ရှိ မခွယ်-သိမ်လုံလမ်းပိုင်းကို ရာသီမရွေးသွားလာနိုင်သည့် ကားလမ်းဖြစ်စေရန် ဦးစားပေး ဖောက်လုပ်လျက်ရှိသည်။ မြစ်ကြီးနား-အကြဲ-ဆင်ဘို ကားလမ်း၊ ကုန်းနှော-မခွယ်-သိမ်လုံ-ဒေါ့ဖုန်းယန် ကားလမ်းများ ဖောက်လုပ်ပြီးချိန်တွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာပြီး ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

နိုင်ငံတော်၏အစီအမံများကို နယ်မြေဒေသအလိုက် လက်တွေ့အကောင်အထည်ဖော်နေကြသူများမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြသည်။ အပြန်အလှန်နားလည်မှု၊ ရင်းနှီးလေးစားမှုတို့ကို အခြေခံ၍ ညှိနှိုင်းပေါင်းစပ်ကာ လုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် ရပ်ရွာအကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးရာ၌ အသိတရားရှိရှိ စေတနာထား ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မျှော်မှန်းချက် မြင့်မြင့်မားမား ထားရှိဆောင်ရွက်နေသည့် နိုင်ငံတော်၏စေတနာနှင့် အစီအမံအပေါ် နိုင်ငံ့ဝန်ထမ်းများအားလုံးက သိရှိနားလည်ပြီး အလုပ်ကို အပတ်တကုတ် ကြိုးစားလုပ်ကိုင်ကြရန်လိုပေသည်။ သို့မှသာ နိုင်ငံတစ်နံတစ်လျား ဒေသအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်ထောင်စုကြီး တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စည်ပင်လာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အမြစ်ပြတ်ချေမှုန်းရန် အာဖဂန်နစ္စတန်နိုင်ငံက သန္နိဋ္ဌာန်ချထားဟုဆို

ကဘူးလ် အောက်တိုဘာ ၁၈

အာဖဂန်နစ္စတန် အစိုးရသည် ဘိန်းစိုက်ပျိုးမှု အမြစ်ပြတ်ချေမှုန်းရန်နှင့် နိုင်ငံတွင်း တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်မှု တိုးပွားလာခြင်းကို စစ်ဆေးမှုများပြုလုပ်သွားရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်ကြောင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ပြည်ထဲရေး ဒုတိယဝန်ကြီးက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားလိုက်သည်။

မူးယစ်ဆေးဝါး တိုက်ဖျက်ရေး စစ်ပွဲသည် မလွယ်ကူသော်လည်း အမြစ်ပြတ်ချေမှုန်းရန် ဆုံးဖြတ်ချက်ချထားကြောင်း ဗိုလ်ချုပ်ကြီး မိုဟာမက်ဒေါက်ဒေါက်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားလိုက်သည်။

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံ၏ ဘိန်းထုတ်လုပ်မှုသည် ၂၀၀၆ ခုနှစ် တွင် တန်ချိန် ၆၁၀၀ အထိ ရှိလာမည်ဖြစ်ကြောင်း၊ ကမ္ဘာတွင် ဘိန်းဖြူထုတ်လုပ်ရေးအတွက် ကုန်ကြမ်းထုတ်လုပ်ပေးသလိုဖြစ်နေကြောင်း ၎င်းကပြောကြားသည်။

ဘိန်းထုတ်လုပ်မှု

အာဖဂန်နစ္စတန် နိုင်ငံသည် ၂၀၀၅ ခုနှစ်က ဘိန်းထုတ်လုပ်မှုမှာ တန်ချိန် ၄၁၀၀ ရှိပြီး ၂၀၀၄ ခုနှစ်က တန်ချိန် ၄၂၀၀ ရှိခဲ့ကြောင်း သိရသည်။

ဆောင်ရွက်နေ

အာဖဂန်နစ္စတန်နိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု ချုပ်ငြိမ်းရေးအတွက် ဝန်ကြီး ၁၁ ဦးက တာဝန်ယူလျက် ဘိန်းစိုက်ပြည်နယ် ၁၁ ခုတွင် ဘိန်းစိုက်ပျိုးမှု ထိန်းချုပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းနိုင်ငံ မာရှယ်လော ဥပဒေကို ဆက်လက်ပြဋ္ဌာန်းထားမည်ဟု ပြောကြား

ဗန်ကောက် အောက်တိုဘာ ၁၈

ထိုင်းအစိုးရအနေဖြင့် ငါးယောက်ထက်ပိုပြီး နိုင်ငံရေးအတွက် စုရုံးခြင်း မပြုရဟူသော တားမြစ်ချက်ကို ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း၊ သို့သော် မာရှယ်လော ဥပဒေကိုမူ ဆက်လက်ပြဋ္ဌာန်းထားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် စူရာယုဒ် ချူလာနွန်က အင်္ဂါနေ့တွင် ပြောကြားသည်။

မာရှယ်လောဥပဒေ ရုပ်သိမ်းပေးရေးမှာ အခြေအနေပေါ် မူတည်ကြောင်းဖြင့် ဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန်က ပြောဆိုသည်။ ထိုင်းနိုင်ငံ၌ စက်တင်ဘာ၁၉ရက်တွင် အာဏာသိမ်းကတည်းက ပြဋ္ဌာန်းခဲ့သည့် မာရှယ်လောဥပဒေ ရုပ်သိမ်းပေးရေးမှာ နိုင်ငံတကာက အဓိကဖိအားပေးနေသည့်ကိစ္စဖြစ်သည်။

ညှိနှိုင်း

ငါးယောက်ထက် ပိုမစုရုံး မစည်းဝေးရဟူသော တားမြစ်ချက်ကို မည်သည့်အခါ ရုပ်သိမ်းရမည်ကို အာဏာသိမ်းခေါင်းဆောင်များနှင့် အင်္ဂါနေ့ နှောင်းပိုင်း တွေ့ဆုံသည့်အခါ ညှိနှိုင်းမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောဆိုသည်။

ပြောကြား

ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် တစ်ရပ်ရေးဆွဲရန် ကြားဖြတ်အရပ်သားအစိုးရက အမျိုးသားမူဝါဒ ချမှတ်ပြီး အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းစဉ် ပြည်သူတို့ ပိုမိုပါဝင်လာသည်ကို မိမိတို့ မြင်တွေ့လိုကြောင်းဖြင့်လည်း အစိုးရအဖွဲ့ အစည်းအဝေးအပြီးတွင် စူရာယုဒ်ချူလာနွန်က သတင်းထောက်များအား ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဂျကာတာ အောက်တိုဘာ ၁၈

အင်ဒိုနီးရှားနိုင်ငံ၌ အသက် ၂၇ နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးကြောင်း အတည်ပြုခဲ့ပြီးနောက် ယင်းနိုင်ငံ၌ ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် သေဆုံးသူ ၅၅ဦးအထိ ရှိလာကြောင်း အင်တာနက် သတင်းတွင် ဖော်ပြသည်။

သူမသည် ကြက်ငှက်တုပ်ကွေး ရောဂါဖြင့် သေဆုံးခြင်းဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုဦးဆောင်သည့် ဓာတ်ခွဲခန်းနှစ်ခုက အတည်ပြုခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ($H_5 N_1$) ရောဂါဖြင့် သေဆုံးသူကမ္ဘာတွင် အများဆုံးနိုင်ငံဖြစ်သည်။ ယခုနှစ်တွင် အခြားသောနိုင်ငံများထက် ပို၍ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ရသည်ဟု ဆိုသည်။

အဆိုပါမိန်းကလေးသည် ဂျားဗားပြည်နယ် အလယ်ပိုင်းမှ ဖြစ်ပြီး အောက်တိုဘာ ၁၃ရက်က သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းသည် ယခုလအစောပိုင်းကပင် ယင်းရောဂါခံစားလာရသူ ဖြစ်ကြောင်းသိရသည်။

ထိုအတောအတွင်း ယင်းရောဂါဖြင့် ဂျကာတာဆေးရုံ၌ အသက် ၁၁ နှစ်အရွယ်ရှိ ယောက်ျားလေးတစ်ဦးနှင့် ဘန်ဒေါင်း၌ အသက် ၆၇ နှစ်ရှိ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **(အင်တာနက်)**

မြဝတီ ရုပ်မြင်သံကြား

၁၉-၁၀-၂၀၀၆

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၃၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လျှို့ဝှက်ချက်”** (အပိုင်း-၂၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	English Usage
	၁၉။	ဗီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေမင်းသမီး”**(အပိုင်း-၁၉)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သောနိုင်ငံများရွေးချယ်

ဂျီနီဗာ အောက်တိုဘာ ၁၈

ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ အီတလီနှင့် တောင်အာဖရိကနိုင်ငံတို့အား ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော အဖွဲ့ဝင်အဖြစ် နှစ်နှစ်တာဝန်ထမ်း ဆောင်ရန် ကုလသမဂ္ဂအထွေထွေ ညီလာခံက အောက်တိုဘာ ၁၆ရက်က ရွေးချယ်လိုက်သည်။

အမြဲတမ်းအဖွဲ့ဝင် မဟုတ်သော ပဉ္စမမြောက်နိုင်ငံအဖြစ် လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသမှဖြစ်လာနိုင်ကြောင်း၊ ယင်းတို့သည် ယှဉ်ပြိုင်နေရဆဲဖြစ်ကြောင်း သိရသည်။

တာဝန်ထမ်းဆောင်

ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှားနှင့် အီတလီနိုင်ငံတို့သည် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ရက်မှစပြီး နှစ်နှစ်တာဝန်ထမ်းဆောင်ရမည်ဟု ဆိုသည်။

သက်တမ်းကုန်ဆုံး

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော ကွန်ဂို၊ ဂါနာ၊ ပီရူး၊ ကာတာနှင့် ဆလိုဗက်ကီးယားနိုင်ငံတို့သည် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံမှာ တရုတ်၊ ပြင်သစ်၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန်တို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

✻ *ကျောဖုံးမှ*

အဆိုပါ အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုး၊ သမဝါယမ

ရှင်းလင်းတင်ပြ

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ကောက်နုတ်စုစည်းတင်ပြ

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှစတင်၍ ပြန်လည်ကျင်းပခဲ့ရာ အမျိုးသားညီလာခံ လုပ်ငန်းများကို အစီအစဉ်အတိုင်း အောင်အောင်မြင်မြင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် အမျိုးသား ညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက် စာတမ်းများကို အမျိုးသား ညီလာခံ စုံညီအစည်းအဝေး

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ် စုစည်း တင်ပြခဲ့ပြီးဖြစ်ကြောင်း။

ယင်းတင်ပြချက်များအနက်သီးခြား အကြံပြုချက်များနှင့် စပ်လျဉ်းပြီး ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီး၏သဘောထားများ ရယူနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးပြီးဖြစ်ကြောင်း၊ ဆက်လက်၍ အဆိုပါ သီးခြားအကြံပြုချက်များအပေါ် ကိုယ်စားလှယ် အစုအဖွဲ့များက ယင်းတို့၏ အစုအဖွဲ့အတွင်း ဆွေးနွေးညှိနှိုင်း၍ သဘောထားများ ပြန်လည်တင်ပြနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးကိစ္စများဖြစ်သည့် နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး ကိစ္စများမှအစ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများက ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ဖြင့် အကျယ်တဝင့် ဆွေးနွေး မှာကြားသည်။

သမိုင်းမှတ်တမ်း

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီတို့၏ ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ရေးအတွက် ကြိုတင်စီစဉ် ဆောင်ရွက်နေသည့်ကိစ္စ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်း ပြုစုခြင်းကိစ္စ၊ အမျိုးသားညီလာခံလုပ်ငန်းများနှင့် ပတ်သက်၍ သမိုင်းမှတ်တမ်း အထောက်အထားများ ခိုင်ခိုင်မာမာ ကျန်ရှိစေရေး အတွက် ဆောင်ရွက်နေသည့်ကိစ္စနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အကြံပြု

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ဆောင်ရွက်ထားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက အကြံပြု တင်ပြဆွေးနွေးကြသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကျင်းပ
အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းချက်အပေါ်
နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်ကိုဖတ်ကြား

ရန်ကုန် အောက်တိုဘာ ၁၈

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ (၇)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ်ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခ(တက္ကသိုလ်တင်ခ)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်နှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

အစည်းအဝေးအထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိကြသည့် ကိုယ်စားလှယ် ၁၀၉ ဦး ရှိသည့်အနက် ကိုယ်စားလှယ် ၁၀၈ ဦးတို့ တက်ရောက်ကြ၍ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၈ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခ (တက္ကသိုလ်တင်ခ) က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍အလှည့်ကျသဘာပတိနှင့် သဘာပတိအဖွဲ့ဝင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးလှတင်တို့က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအပိုင်း၊နိုင်ငံသား၊နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ (၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခ(တက္ကသိုလ်တင်ခ) အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များကတင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့် စပ်လျဉ်းပြီးကိုယ်စားလှယ် အစုအဖွဲ့ အသီးသီး၏ သဘောထားများကို ရယူနိုင်ရေး အတွက် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ပြန်လည် ရှင်းလင်းပြောကြားကြသည်။

ဖတ်ကြားတင်ပြ

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်များအပေါ် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်ကို အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဖြစ်ကြသော ရှေ့နေချုပ်ရုံးမှ ဦးသန်းထွန်းနှင့် တရားရုံးချုပ်မှ ဦးမောင်မောင်တို့က ဖတ်ကြားတင်ပြကြသည်။

အတည်ပြု

ဆက်လက်၍ သဘာပတိက နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထား တင်ပြချက်ကို အစည်းအဝေးသို့ တက်ရောက်လာသူများထံမှ အတည်ပြုချက်ရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုနံနက် ၁၀ တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ထားဝယ်မိသားစုမဟာဘုံကထိန်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

ဒုတိယအကြိမ်မြောက် ထားဝယ်လူငယ်မိသားစု၏ မဟာဘုံကထိန်ပွဲကို ၁၃၆၈ခု တန်ဆောင်မုန်းလဆန်း ၂ရက် (အောက်တိုဘာ ၂၂ရက်) တနင်္ဂနွေနေ့ နံနက်၉နာရီတွင် ပုညာရာမကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ထားဝယ်လူငယ်မိသားစု၏ မဟာဘုံကထိန်ပွဲတွင် ရန်ကုန်မြို့ပေါ်ရှိ ထားဝယ်ဘုန်းတော်ကြီးကျောင်းများမှ ပင့်သံဃာ ၈၉ပါးအား ကထိန်လျာသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေမရသည်ဖြစ်စေ ထားဝယ်သူ/သားအားလုံး မပျက်မကွက် တက်ရောက်ကြည်ညိုနိုင်ကြောင်း နှိုးဆော်ထားသည်။ ထားဝယ်လူငယ်မိသားစု၏ မဟာဘုံကထိန်ပွဲတွင် ကန့်ကော်မြိုင်ဆရာတော် ဦးသာသနက သာဓုအနုမောဒနာတရား ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

■ ကျောဖုံးမှ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ရန်နိုင်ဦးနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေါ်မြင့်သန်းဦး ခေါင်းဆောင်သော ကယားပြည်နယ်မှ တိုင်းရင်းသားများ၊ ဦးခင်မောင်ညွှန့်ခေါင်းဆောင်သော ကချင်ပြည်နယ်မှ တိုင်းရင်းသားများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များ၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ရမည်းသင်း မြို့နယ်တို့မှ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲ၏ ခေတ်ဟောင်းကာလပေါ်တေး အဆိုပြိုင်ပွဲကို နံနက်၉နာရီတွင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ်

အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မသဲနုအေး ပါဝင်ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလက်ထောက်ညွှန်ကြားရေးမှူး(ဂီတ)(အငြိမ်းစား) တေးသံရှင် ဒေါ်တင်တင်မြ၊ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်မေသက်နှင့် အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

အဆို

ယနေ့ကျင်းပသည့် ကာလပေါ်တေးအဆိုပြိုင်ပွဲတွင် ဝါသနာရှင် အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲ၌ ရွှေတိုင်ညွန့် ရေးစပ်သီကုံးပြီး ဒေါ်ကြည်အောင် သီဆိုသည့် 'ဗောဓိပင်နဲ့ ရွှေပလ္လင်' သီချင်းဖြင့် တနင်္သာရီတိုင်းမှ ဦးဟန်စိုး၊ မွန်ပြည်နယ်မှ ဦးမင်းဟန်၊ ရခိုင်ပြည်နယ်မှ ဦးစန်းလွင်၊ ပဲခူးတိုင်းမှ ဦးမောင်မောင်ခင်၊ မန္တလေးတိုင်းမှ ဦးကံမြင့်ဝင်း၊ ရှမ်းပြည်နယ်မှ ဦးစိုင်းညီမင်း၊ မန္တလေးတိုင်းမှ ဦးဇော်ဝင်းမောင်၊ ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်း၊ ဧရာဝတီတိုင်းမှ ဦးရဲထိုက်၊ စစ်ကိုင်းတိုင်းမှ ဦးဇော်မင်းအောင်၊ ကရင်ပြည်နယ်မှ ဦးအောင်အောင်၊ ရန်ကုန်တိုင်းမှ ဦးဇော်မင်းထွန်း၊ မကွေးတိုင်းမှ ဦးမောင်မောင်သိန်းနှင့် ချင်းပြည်နယ်မှ ဦးသက်နိုင်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် အမျိုးသမီး ကာလပေါ်တေးအဆိုပြိုင်ပွဲတွင် ရွှေပြည်အေး ရေးစပ်သီကုံးပြီး ရုပ်ရှင်မင်းသမီး အကယ်ဒမီမြင့်မြင့်ခင်သီဆိုသည့်'မြစ်ကြီးဧရာဝတီ'သီချင်းဖြင့် ရန်ကုန်တိုင်းမှ မယွန်းလဲ့ခင်၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ ချင်းပြည်နယ်မှ မတီလ်တလဲန်၊ ရန်ကုန်တိုင်းမှ မစံပယ်ဖြူသိန်း(ခ) ဖြူစင်သူ၊ မွန်ပြည်နယ်မှ မစန္ဒာဒေဝီ၊ တနင်္သာရီတိုင်းမှ မချယ်ရီဝေ၊ ပဲခူးတိုင်းမှ မတိုးတိုးလှိုင်၊ မကွေးတိုင်းမှ မသဲစုအောင်၊ မန္တလေးတိုင်းမှ မလွင်မာနိုင်နှင့် မနန္ဒာလင်း၊ ရခိုင်ပြည်နယ်မှ မသန်းသန်းဆင့်နှင့် စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

မဟာဂီတအဆို

ထို့အတူ မဟာဂီတအဆိုပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့အတွင်းရေးမှူး အနုပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(ထုတ်လုပ်)ဦးကျော်ဆွေ၊ တွဲဖက်အတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားမဟာဂီတအဆိုပြိုင်ပွဲတွင် တောင်ယံတောကြီး' (မွန်)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ရန်ကုန်သန်းဆွေ၊ စစ်ကိုင်းတိုင်းမှ ဦးတက်ခေတ်လင်းဇော် (ခ) ဦးလင်းဇော်၊ ရန်ကုန်တိုင်းမှ ဦးကောင်းဆက်၊မန္တလေးတိုင်းမှ ဦးအေးသန့်၊ ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော်၊ မန္တလေးတိုင်းမှ ဦးမြမြင့်အောင်၊ ရခိုင်ပြည်နယ်မှ ဦးကိုကိုနိုင်၊ တနင်္သာရီတိုင်းမှ ဦးဟန်စိုးနှင့် မွန်ပြည်နယ်မှ ဦးမင်းဟန်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲတွင် 'ဝေယံလိုပင်' (ကြိုး) သီချင်းဖြင့် ကရင်ပြည်နယ်မှ မသဲနုအေး၊ ဧရာဝတီတိုင်းမှ မဇင်ဒေဝီထွန်း၊ ရခိုင်ပြည်နယ်မှ မဇင်သူမိုး၊ မန္တလေးတိုင်းမှ မနှင်းမေဇွန်၊ ရန်ကုန်တိုင်းမှ မနှင်းအေးဝေ၊ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ မကွေးတိုင်းမှ မသင်္ဂြိစိုး၊ မွန်ပြည်နယ်မှ မသဲယွန်းလွှာ၊ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ မန္တလေးတိုင်းမှ မခင်စံပယ်၊ ပဲခူးတိုင်းမှ မဝသုန်ဦး၊ ရှမ်းပြည်နယ်မှ မခိုင်ဝါဝင်းတင့်၊ တနင်္သာရီတိုင်းမှ မဖူးမြတ်ပွင့်စံနှင့် ကချင်ပြည်နယ်မှ မကြည်ကြည်ဝါတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အကပြိုင်ပွဲ

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်း မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာအကအကဲဖြတ် အဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှု တက္ကသိုလ် (မန္တလေး)သဘင်ဌာနမှ ပါမောက္ခ ဒေါ်နုနုခင်၊ အတွင်းရေးမှူး ပန်တျာကျောင်း(ရန်ကုန်)ကျောင်းအုပ် ဒေါ်မူမူခင်၊ တွဲဖက်အတွင်းရေးမှူး အနုပညာဦးစီးဌာန(မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူဝင်းနှင့် အကအကဲဖြတ်အဖွဲ့ဝင်များကကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ယနေ့ကျင်းပသည့် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မနိုနို၊ မကွေးတိုင်းမှ မခင်ယင်းမာလွင်၊ ရန်ကုန်တိုင်းမှ မယွန်းအိနို၊ မန္တလေးတိုင်းမှ မသီရိမေ၊ မန္တလေးတိုင်းမှ မသီသီဝင်း၊ မွန်ပြည်နယ်မှ မသန္တာချို၊ ဧရာဝတီတိုင်းမှ မဇင်လင်းမိမိ၊ ကချင်ပြည်နယ်မှ မယမင်းရွှေစင်၊ စစ်ကိုင်းတိုင်းမှ မငုဝါနိုင်၊ ရန်ကုန်တိုင်းမှ မသက်ထားဝေ၊ မကွေးတိုင်းမှ မသရဖူသိန်း၊ ကရင်ပြည်နယ်မှ မလွန်းပိုးအိဖြူ၊ ရှမ်းပြည်နယ်မှ မခင်ခင်သွယ်၊ ကရင်ပြည်နယ်မှ မနန်းသစ္စာလှိုင်၊ ပဲခူးတိုင်းမှ မမေမြတ်သွယ်၊ ကယားပြည်နယ်မှ မနန်းသဇင်ဖွေးဖွေး၊ ရခိုင်ပြည်နယ်မှ မပန်းအိဖုံ၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ ဧရာဝတီတိုင်းမှ မအိဖြိုးပိုင်၊ မွန်ပြည်နယ်မှ မခင်သီရိထက်ဦး၊ ပဲခူးတိုင်းမှ မထက်ထက်ဝေ၊ ရှမ်းပြည်နယ်မှ မသင်းနန္ဒာနိုင်(ခ)ဖောင်းဖောင်းတို့ ပါဝင်ယှဉ်ပြိုင် ကပြကြသည်။

အရေးပြိုင်ပွဲ

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးလေးညွှန့်၊ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးဇော်ဌေးနှင့် ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ပြိုင်ပွဲတွင် အောက်တိုဘာ ၁၅ရက်၌ ယဉ်ကျေးသိမ်မွေ့တို့ဓလေ့ ခေါင်းစဉ်ဖြင့် တေးစာသား ရေးသားခဲ့သော ဝါသနာရှင်အဆင့် (ပထမတန်း)၏ တေးစာသားများကို သံစဉ်ထည့်သွင်း လေ့ကျင့်ကြသည်။

အတီးပြိုင်ပွဲ

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အိုးစည်နှင့် ဒိုးပတ် အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်ကုလား(ခ) ဦးအောင်ဝမ်းတူး၊ အနုပညာ ဦးစီးဌာန မှ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်နွယ်နွယ်စိုးတို့နှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက် အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက် (၁၅-၂၀နှစ်) အမျိုးသားဒိုးပတ် အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်သော်ဇင်ဖြိုးအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်အဖွဲ့နှင့် မောင်ဗိုလ်ရှိုင်း(ခ) တင်ထက်ပိုင်လင်းအဖွဲ့၊ မန္တလေးတိုင်းမှ မောင်ဖြိုးမင်းစိုး(ခ) မင်းထက်အောင်အဖွဲ့နှင့် မောင်ပြည့်ဖြိုးမော်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ဖြိုးကိုကိုအဖွဲ့တို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်ကို ခေတ္တရပ်နားသည်။

ဒိုးပတ်အတီးပြိုင်ပွဲ

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) ဒိုးပတ်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန် တိုင်းမှ ဦးရဲနိုင်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ဝဏ္ဏအဖွဲ့၊ မကွေးတိုင်းမှ ဦးအုန်းလှိုင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇာနည်ဘိုအဖွဲ့၊ ရခိုင်ပြည်နယ်မှ ရွှေဆိုင်း(ခ) ဦးဝေမြင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးဇေယျာထွန်းဝေအဖွဲ့၊ မန္တလေးတိုင်းမှ ဦးဟိန်းမင်းဇော်အဖွဲ့နှင့် စစ်ကိုင်းတိုင်းမှ အောင်သန်းဇော်တို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မယ်ဒလင် အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ မယ်ဒလင် အတီးအကဲဖြတ်ခေါင်းဆောင် ဦးမောင်မိုးနှင့် အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသား)မယ်ဒလင် အတီးပြိုင်ပွဲတွင် 'မင်္ဂလာသီရိ' (ဘွဲ့) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုး၊ ရခိုင်ပြည်နယ်မှ မောင်ပြည့်စုံဖြိုး၊ မွန်ပြည်နယ်မှ မောင်အောင်ဟိန်းဦးနှင့် ရန်ကုန်တိုင်းမှ မောင်အောင်တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် 'ဖုတ်သွင်းရထား'(ကာလပေါ်) သီချင်းဖြင့် ပဲခူးတိုင်းမှ မဖြူနှင်းဝေနှင့် ရန်ကုန်တိုင်းမှ မနွေဇင်ဝင်းတို့ ပြိုင်ပွဲဝင်ကြသည်။

မယ်ဒလင်အတီးပြိုင်ပွဲ

ထို့အတူ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ 'သုခုမ' (ကာလပေါ်)သီချင်းဖြင့် ရှမ်းပြည်နယ်မှ မောင်အောင်ကျော်စိုး၊ ရန်ကုန်တိုင်းမှ မောင်တိုးတိုး၊ မန္တလေးတိုင်းမှမောင်ထိန်လင်းအောင်၊ မွန်ပြည်နယ်မှ မောင်ဝဏ္ဏ၊ မန္တလေးတိုင်းမှ မောင်ကျော်ထွန်းဝင်း၊ ရန်ကုန်တိုင်းမှ မောင်ချမ်းဟိန်းအောင်၊ ပဲခူးတိုင်းမှ မောင်ရဲဝင်းအောင်၊ ဧရာဝတီတိုင်းမှ မောင်အောင်အောင်ဟိန်းနှင့် မကွေးတိုင်းမှ မောင်လှိုင်မိုးတို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) မယ်ဒလင် အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'သုခုမ' (ကာလပေါ်) သီချင်းဖြင့် မကွေးတိုင်းမှ မကြည်ကြည်မာ၊ ရန်ကုန်တိုင်းမှ မပိုးအိကြည်သူဆန်း၊ ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ ရန်ကုန်တိုင်းမှ မလဲ့လဲ့ဝင်း၊ ပဲခူးတိုင်းမှ မသိမ့်သိမ့်ထွေးနှင့် ကချင်ပြည်နယ်မှ မလဲ့ရည်ဝင်းတို့ ပြိုင်ပွဲဝင်ကြသည်။

ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားဆိုင်း အဖွဲ့လိုက်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဆိုင်းဝိုင်းအဖွဲ့လိုက် အဆင့်မြင့်ပညာအဆင့် အမျိုးသားဆိုင်းအတီး ပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် အမျိုးသားဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတို့တွင် အတီး အကဲဖြတ် အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ ဆိုင်းအတီးအဖွဲ့ခေါင်းဆောင် မလှိုင် ဦးသန်းထွန်းနှင့်အဖွဲ့က အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်မျိုးသူအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ညွှန့်အောင်(ခ)ညိုချောအဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်အောင်ဗိုလ်မင်း အဖွဲ့တို့ ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူအဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင်ဇော်ပိုင် အဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင်ခိုင်ဟိန်း အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ကိုကိုနိုင်အဖွဲ့နှင့် စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်အဖွဲ့တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ပြိုင်ပွဲအစီအစဉ်များကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ နံနက်ပိုင်း၊ ညနေပိုင်း ခေတ္တနားနေချိန်တို့၌ လာရောက်ယှဉ်ပြိုင်ကြသော ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ တိုင်းရင်းသားညီအစ်ကို မောင်နှမများ မြန်မာတို့၏ ရိုးရာအမွေအနှစ်ဖြစ်သည့် အနုသုခုမပညာရပ်များ ရှည်ကြာတည်တံ့ ခိုင်မြဲရေးအတွက် ရင်းရင်းနှီးနှီး အမြင်ချင်း ဖလှယ်ကြစဉ်။

(သတင်းစဉ်)

အပန်းဖြေနားခို

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နံနက်ပိုင်းနှင့် ညနေပိုင်း ခေတ္တနားနေချိန်တို့၌ ပြိုင်ပွဲကြီးသို့ လာရောက် ယှဉ်ပြိုင်ကြသော ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် ရေဆင်းရှိ တက္ကသိုလ်နယ်မြေ၏ သစ်ရိပ်ဝါးရိပ်အောက်တို့၌ အပန်းဖြေနားခိုကြရင်း မြန်မာတို့၏ ရိုးရာအမွေအနှစ်ဖြစ်သည့် အနုသုခုမ ပညာရပ်များ ရှည်ကြာတည်တံ့ခိုင်မြဲရေးအတွက် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးလျက်ရှိကြသည်ကို တွေ့ရှိရသည်။

(သတင်းစဉ်)

မာန်အောင်မြို့နယ်အသင်း စုပေါင်းဘုံကထိန်ကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၈

မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)၏ (၁၂)ကြိမ်မြောက် စုပေါင်းဘုံကထိန်အလှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ရက် (တနင်္ဂနွေနေ့) တန်ဆောင်မုန်းလဆန်း ၉ရက် နံနက် ၈နာရီမှ မွန်းလွဲ ၂နာရီအထိ ရခိုင်ပြည်နယ် ဓမ္မာရုံ အာဇာနည်ဗိမာန်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးတွင် ကျင်းပမည်ဖြစ်သည်။ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းသား အသင်းသူများ၏ သားသမီးများသည် နီးစပ်ရာ အသင်းအမှုဆောင်များနှင့် ဖုန်း-၅၀၁၀၂၆၊ ၅၆၁၇၈၀၊ ၅၀၁၈၄၆ လိုင်းခွဲ ၃၃၁၊ ၅၅၅၇၅၇၊ ၆၄၄၃၃၆တို့သို့ အထောက်အထားများနှင့်တကွ အချိန်မီ ပေးပို့ကြရန်နှင့် အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင်မိဘများ အပူဇော်ခံကြွရောက်ပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

သွေးလိုအပ်သူများအတွက် သွေးလှူဒါန်းမည်

နေပြည်တော် အောက်တိုဘာ ၁၈

ပျဉ်းမနားခရိုင် လယ်ဝေးမြို့ ပါရမီ သွေးလှူရှင်အသင်းက သွေးလိုအပ်သော ဝေဒနာရှင်များအတွက် သွေးများ လှူဒါန်းလျက်ရှိရာ သွေးလိုအပ်သူများသည် ဦးဌေးဝင်း ဖုန်း-၀၆၇-၃၀၃၄၆နှင့် ဦးစိုးဝင်းထွန်း ဖုန်း-၀၆၇-၃၀၀၄၉ တို့သို့ အချိန်မရွေး ဆက်သွယ်အလှူခံနိုင်ကြောင်း သိရသည်။

(က-ပ)

အဓိကသီးနှံ ၁၀ မျိုး လျာထားချက်နှင့်အညီ တိုးချဲ့စိုက်ပျိုး နိုင်ငံတော်ကသတ်မှတ်ထားသော ပန်းတိုင်အထွက်နှုန်းရရှိရေး ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုနိုင်ရေး စည်းရုံးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အောက်တိုဘာ၁၄ ရက်နံနက်ပိုင်းတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များဖြင့် နဝဒေးတံတား၏ကြံ့ခိုင်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုနှင့် ဧရာဝတီမြစ်၏ ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း ပန်းတောင်းမြို့သို့ရောက်ရှိကြပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးလှဦးက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေး မှာကြားရာ၌ နိုင်ငံတော်တစ်ရပ်လုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရက စီမံကိန်းကြီး သုံးခုဖြင့် စနစ်တကျ အစီအမံများချမှတ်ကာ အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဖြည့်ဆည်းပေး

နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး မြို့ကြီးများ၏ တိုးတက်ရေးကို ဆောင်ရွက်ပေးနေသည့် နည်းတူ နယ်စပ်ဒေသအစွန်အဖျားများအထိ တိုးတက်မှုရှိအောင်လည်း စီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ၅ ရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေး၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေးအဆင့် မြင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ပေးရေးနှင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူတို့က အောက်ခြေအထိ ကွင်းဆင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးကြရမည်ဖြစ်ကြောင်း။

ပဲခူးတိုင်းအနေဖြင့် စပါးစိုက်ဧက သိန်း ၃၀ စိုက်ပျိုးရန် နိုင်ငံတော်က သတ်မှတ်ပေးခဲ့ရာ ယခုအခါ ပြည့်မီ ကျော်လွန်သွားပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ စီမံလျာထားချက် ပြည့်မြောက် အောင်မြင်ခြင်းသည် ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့၏ ကြိုးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၏လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြခြင်းပင် ဖြစ်ကြောင်း၊ ဆက်လက်၍လည်း စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖြစ်ထွန်း အောင်မြင်အောင် တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုကြောင်း။

ဖြစ်ထွန်းလျက်ရှိ

ပဲခူးတိုင်း(အနောက်ပိုင်း)ပန်းတောင်းမြို့နယ်တွင် ညောင်ကိုင်းဆည်၊ ခဝါဆည်၊ လျှပ်စစ်မြစ်ရေတင်နှင့် တမံပိတ်စနစ်တို့မှ စိုက်ပျိုးရေ အလုံအလောက်ရရှိပြီး နွေစပါး၊ မိုးစပါး စိုက်ပျိုးမှုနှစ်စဉ် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရကြောင်း။

ထိုနည်းတူ မြေပဲ၊ နှမ်း၊ နေကြာစသည့် ဆီထွက် သီးနှံများကိုလည်း နှစ်စဉ်တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကာ စားသုံးဆီဖူလုံမှုရှိသည်ကို တွေ့ရကြောင်း။

အဓိကသီးနှံ ၁၀ မျိုးကို လျာထားချက်နှင့်အညီ တိုးချဲ့ စိုက်ပျိုးကြရန်နှင့် နိုင်ငံတော်က သတ်မှတ်ထားသော ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တာဝန်ရှိသူများက ဒေသခံတောင်သူများအား ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြု ဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပန်းတောင်းတပ်နယ်အတွင်းရှိ နယ်မြေခံတပ်ရင်းခန်းမ၌ တပ်မတော်သားများနှင့် မိသားစုဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထို့ပြင် ဘိုင်အိုဒီဇယ် ထုတ်လုပ်အသုံးပြုနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်ကို ရည်မှန်းလျာထားချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးရေး၊ အမယ်သစ်သီးနှံ ငရုတ်ကောင်းကိုလည်း တိုးချဲ့စိုက်ပျိုးကြရေး၊ အိမ်တိုင်းအိမ်တိုင်း တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အလေးထားစည်းရုံးဆောင်ရွက်ကြရန်နှင့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ရှေးရှုပြီး နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ တိုးတက်အောင်မြင်အောင် တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အားပေးချီးမြှင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များနှင့်အတူ နံနက် ၉ နာရီတွင် ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၏ လျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်ရေးစက်ရုံ (ဆင်တဲ) နှင့် လျှပ်စစ်မီတာထုတ်လုပ်ရေး စက်ရုံ (ဆင်တဲ) ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက် အားပေးချီးမြှင့်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပန်းတောင်း တပ်နယ်အတွင်းရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တပ်ရင်းခန်းမ၌ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့် အတူ တက်တက်ကြွကြွ ပူးပေါင်း ဆောင်ရွက်ရေး၊ ဇီဝလောင်စာဆီ ထုတ်ယူသုံးစွဲနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို တစ်ပိုင်တစ်နိုင်မှသည် တစ်အုပ်တစ်မအထိ တိုးချဲ့ စိုက်ပျိုးရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရေး မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပန်းတောင်းမြို့နယ်ရှိ ဆည်မြောင်း ဦးစီးဌာန၏ ညောင်ကိုင်းရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပဲခူးတိုင်း ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်က ရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ မိုးရွာသွန်းမှုနှင့် ရေသိုလှောင်နိုင်မှုအခြေအနေ၊ နွေစပါးစိုက်ပျိုးရန် စိုက်ပျိုးရေ ပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထိန်းသိမ်းဆောင်ရွက်ထားမှု

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နွေစပါးစိုက်ပျိုးရေးအတွက် ဆည်ရေသောက်ဧရိယာ ဧက ၂၂၅၀ အတွင်း ဆည်ရေအပြည့်အဝ ပေးဝေနိုင်ရန် တာဝန်ရှိသူများအား မှာကြားပြီး မော်တော်ယာဉ်ဖြင့် ဆည်အတွင်း ရေသိုလှောင်ထားရှိမှု၊ ရေထိန်းမျှော်စင်နှင့် ဆည်ပြုပြင် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပိုမိုသိုလှောင်နိုင်

ယင်းနောက် ရေပိုလွှဲသို့ရောက်ရှိ စစ်ဆေးရာ တာဝန်ရှိသူများက ရေပိုလွှဲတွင် စုစုပေါင်းရေဧကပေ ၂၀၈၀၀အထိ ပိုမိုသိုလှောင်နိုင်မှု တို့ကို ရှင်းလင်းပြသ ပြောကြားကြသည်။

အဆိုပါ ညောင်ကိုင်းရေလှောင်တမံသည် ပန်းတောင်းမြို့နယ်အတွင်းရှိ လယ်မြေဧရိယာ ဧက ၃၀၀၀ကို စိုက်ပျိုးရေပေးဝေရန်နှင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်း ပန်းတောင်းမြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မော်တော်ယာဉ်ဖြင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ **(သတင်းစဉ်)**

အေးချမ်းအောင်မြင်ဓမ္မကျောင်း စုပေါင်းမဟာဘုံကထိန်လှူသင်္ကန်းကပ်မည်

ရန်ကုန် အောက်တိုဘာ ၁၈

အေးချမ်းအောင်မြင်အုတ်ခွက် ဘုရားအားအမှူးထား၍ အေးချမ်းအောင်မြင်ဓမ္မကျောင်းတွင် ဝါကပ်တော်မူခဲ့ကြသော မဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တသုဂန္ဓ၊ ညီတော်ဆရာတော် ဘဒ္ဒန္တဇောတိကတို့အား ဦးထိပ်ထားပြီး ကျောင်းရှိ သံဃာတော် ကိုးပါးနှင့် ပင့်သံဃာ ၁၀၈ ပါးတို့အား ဘုံကထိန်လျာသင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၂ ရက်(တနင်္ဂနွေနေ့)(တန်ဆောင်မုန်းလဆန်း ၂ ရက်) နံနက် ၉ နာရီခွဲတွင် အေးချမ်းအောင်မြင်ဓမ္မကျောင်း နေမျိုးသူရလမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များသည် အေးချမ်းအောင်မြင်ဓမ္မကျောင်း ဆဋ္ဌမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်းကပ်လှူပွဲ ဖြစ်မြောက်ရေးကော်မတီ ဖုန်း–၀၉–၅၁–၅၀၂၇၄၊ ၀၉–၅၀–၀၂၆၈၃၊ ၅၅၆၆၆၆ နှင့် ၇၂၄၄၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မင်းကွန်းတောရကမ္မဋ္ဌာန်းကျောင်းတိုက် မဟာဘုံကထိန်အခမ်းအနားကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် အင်းလျားမြိုင်လမ်း မင်းကွန်းတောရကျောင်းတိုက် ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် ပဓာနနာယကသက်တော်ရှည်ဆရာတော်ကြီးဦးပဏ္ဍိတအား အမှူးထား၍ ဝါဆိုဝါကပ်သံဃာတော် အရှင်မြတ်များနှင့် ပင့်သံဃာတော် ၈၂ပါးတို့အား နေ့ဆွမ်းနှင့် သင်္ကန်း၊ ထီး၊ ဖိနပ်များကို မင်းကွန်းပဋ္ဌိပတ္တိ သာသနနုဂ္ဂဟ အသင်းကြီးနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့က ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက် (အောက်တိုဘာ ၂၉ ရက်) တနင်္ဂနွေနေ့တွင် လှူဒါန်းမည်ဖြစ်သည်။ ဧည့်ပရိသတ်များအား နံနက်စာဖြင့်ဧည့်ခံပြီး မွန်းလွဲ၁ နာရီတွင် ကထိန် အနုမောဒနာတရားအတူနာယူ ရေစက်ချ အမျှပေးဝေမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မျိုးဆက်သစ်များသို့

❒ ငွေနှင်းဝေစီ မှုန်ပြာရီသည့်
ရာသီဆောင်းလ သမယတွင်
မြန်မာ့ဂီတ မြန်မာ့သဘင်
ပေါ်လွင်ထင်ရှား မြင့်မားစေရန်
စိတ်ရည်သန်လျက် အမှန်ထိန်းပြ
မပျက်ရအောင် ဆိုကရေးတီး
ပြိုင်ပွဲကြီးကို ဝှဲခြီးကျင်းပ
ဆင်ယင်ကြရာ ကာလတွက်စစ်
ဆယ့်လေးနှစ်တာ ရောက်ခဲ့ပါပြီ။

❒ ပျိုခေတ်ခါမှ ရှေးဦးစခဲ့
ဂီတသဘင် အလှအင်အား
ကြေးရုပ်များက ထင်ရှားသက်သေ
ပြခဲ့ချေပြီ သည်မြေမှာပင်
အနုပညာ စဉ်လာကြီးမား
စွမ်းပကားကို
ဝင့်ကြွားဂုဏ်ယူ နိုင်ပါပြီ။

❒ နိုင်ငံဂုဏ်ပြု ယဉ်ကျေးမှု၏
အနုပညာ အဖြာဖြာကို
စဉ်လာမပျက် အညွန့်တက်အောင်
ဆက်လက်ထိန်းသိမ်းကြပါစို့။ ။

ချမ်းငြိမ်းအောင်

စံပြမူကြိုဆရာအတတ် ပညာရေးသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၁၈

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန စံပြမူကြိုကြီးကြပ်ရေးကော်မတီက စံပြမူကြိုဆရာအတတ် ပညာရေးသင်တန်းအပတ်စဉ်(၁၂)ကို နိုဝင်ဘာ ၁ ရက်မှ ၂၉ရက်အထိ နေ့စဉ် နံနက် ၉နာရီမှညနေ၄နာရီအထိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် အောက်တိုဘာ ၁၉ ရက်မှစ၍ ရုံးချိန်အတွင်း အထက်ပါဌာနတွင် လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စပါးစိုက်ပျိုးမှုတိုးတက်လာအောင် အလေးထားကြိုးပမ်း တောင်ယာစပါးစိုက်ကေများ ဆက်လက်တိုးချဲ့ပြီး ကုန်းမြင့်လယ်ယာမြေများအဖြစ် ဖော်ထုတ်လုပ်ကိုင်

နေပြည်တော် အောက်တိုဘာ ၁၈

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ဘုတ်ပြင်းမြို့ရှိ ဓမ္မဝိဇယ ပရိယတ္တိစာသင်တိုက် ပရိယတ္တိကျောင်းဆောင်၌ ပဓာန နာယက ဆရာတော် ဘုတ်ပြင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ ဣန္ဒာစက္ကထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဘုတ်ပြင်းမြို့ ရာဇမုနိစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းရန်အတွက် အလှူငွေ ကျပ်သုံးသိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအင်ပေါထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ငွေကျပ်နှစ်သိန်း၊ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက ငွေကျပ်တစ်သိန်း၊ ရေလုပ်ငန်းရှင် ဦးစောဂျက်-ဒေါ်ခင်စိုးတို့က ငွေကျပ်နှစ်သိန်းတို့ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ အသီးသီးပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ရေလုပ်ငန်းရှင် ဦးစောဂျက်-ဒေါ်ခင်စိုးတို့က စာသင်သံဃာများအတွက် ဆွမ်း၊ ကွမ်း ဝေယျာဝစ္စအသုံးပြုရန် လှူဒါန်းငွေ ကျပ်နှစ်သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး နဝရတ်ခန်းမ၌ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ ပညာရေးကဏ္ဍ မြင့်မားတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် ပညာရေးမှူး ဒေါ်လှသန်းက ဘုတ်ပြင်းမြို့နယ်၏ ပညာရေးအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လေ့ကျင့်ပျိုးထောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဘုတ်ပြင်းမြို့နယ်၏ ပညာရေးကဏ္ဍဆောင်ရွက်မှုများအပေါ် မေးမြန်းဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းကာ အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ဘုတ်ပြင်းမြို့နယ်အား ကုန်းတွင်းပိတ်ဒေသအဖြစ်မှ လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သဖြင့် ကျောင်းဆရာ ဆရာမများက ဒေသတွင်းကျောင်းသားလူငယ်များအား အရည်အချင်းပြည့်ဝသော လူတော်လူကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင် သင်ကြားပေးရေး ရှင်းလင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း စာသင်ခုံများပြုလုပ်ရန် ငွေကျပ်ခြောက်သိန်းကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရေလုပ်ငန်းရှင် ဦးစောဂျက်-ဒေါ်ခင်စိုးတို့က ဘုတ်ပြင်းအခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်အတွက် ငွေကျပ်ငါးသိန်းကို ကျောင်းအုပ်ကြီး ဦးမြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သပြေခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ဖော်ထုတ်လုပ်ကိုင်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အပေါ် သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများအား မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ယခုအခါ နိုင်ငံတော်က ဒေသအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်ရန် စေတနာထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘုတ်ပြင်းမြို့နယ်အနေဖြင့် ဒေသဝမ်းစာဖူလုံမှု မရှိသေးသဖြင့် အဓိက စားသုံးသီးနှံဖြစ်သော စပါးစိုက်ပျိုးမှုတိုးတက်လာအောင် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ အထူးသဖြင့် တောင်ယာစပါးစိုက်ကေများကို ဆက်လက်တိုးချဲ့၍ ကုန်းမြင့်လယ်ယာဒေသများအဖြစ် ဖော်ထုတ်လုပ်ကိုင်သွားကြရမည် ဖြစ်ကြောင်း။

ဒေသ၌ တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်က အလေးထား အကောင်အထည်ဖော်နေသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်သူများနှင့် လက်တွဲ၍ စေတနာထား လုပ်ဆောင်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံ (ခုတင်-၅၀)သို့ ရောက်ရှိပြီး ဆေးရုံရှိ လူနာဆောင်များ၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြား၍ ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မွန်းလွဲ ၁၂ နာရီခွဲတွင် ဘုတ်ပြင်းမြို့ တပ်နယ်ခန်းမ၌ ဘုတ်ပြင်းတပ်နယ်မှအရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံ ခုတင်(၅၀)ရှိ ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း မင်းလှအထက မြတ်ဆရာပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၈

ပဲခူးတိုင်း မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားဟောင်းများက ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို မင်းလှမြို့ အထက်တန်းကျောင်း (စိန်ရတု အမျိုးသားကျောင်း) သပြေခန်းမ၌ နိုဝင်ဘာ ၄ ရက် တန်ဆောင်မုန်းလပြည့် (စနေနေ့) နံနက် ၈ နာရီတွင် (၂၁)ကြိမ်မြောက်အဖြစ် ကျင်းပရန်စီစဉ်ထားသည်။ မင်းလှမြို့ရှိ ကျောင်းသားဟောင်းများ ရန်ကုန်မြို့နှင့် ရပ်ဝေးရှိ ကျောင်းသားဟောင်းများသည် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုပါက မင်းလှမြို့တွင် ဦးကြင်စိုး၊ ဒေါက်တာသန်းလွင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်၊ ဒေါ်စန်းမော်ချို၊ ဒေါ်တင်တင်အေး၊ ရန်ကုန်မြို့တွင် ဦးတင်အောင် ဖုန်း-၅၂၆၇၃၅၊ ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇၊ ဦးသန်းစိုး ဖုန်း-၃၈၂၇၈၇(ရုံး)၊ ၅၃၄၇၃၆(အိမ်)၊ ဦးတင်မောင်ဦး ဖုန်း-၅၀၁၀၅၁ နှင့် ဗိုလ်ကြီးမြင့်အောင်(ငြိမ်း) ဖုန်း-၆၉၉၄၀၆ တို့သို့ ဆက်သွယ် ပေးပို့လှူဒါန်းကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အမေရိကန်၏လုပ်ဆောင်ချက်သည် ကုလသမဂ္ဂအခြေခံမူနှင့်မကိုက်ညီသည့်အပြင် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကိုထိပါးစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုထိခိုက် နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့က လုံးဝလက်မခံ ကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့က သဘောထား ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၅ ရက်နေ့စွဲဖြင့် ထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ၊ ၂၅-၉-၂၀၀၆

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချကာ မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ထိခိုက်စေသည်ဟု စွပ်စွဲပြီး ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံအခြေအနေအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန်ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသည် ရှေးအစဉ်အဆက်ကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ပြီး မိမိတို့၏ ယဉ်ကျေးမှုအစဉ်အလာကို စောင့်ထိန်းနေထိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ထို့အတူ ကုလသမဂ္ဂအခြေခံမူ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ နိုင်ငံတကာကွန်ဗင်းရှင်းများနှင့်အညီ တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ကျူးကျော်ခြင်းများ မပြုလုပ်ခဲ့ပါ။ တိုင်းပြည်အေးချမ်းတည်ငြိမ်မှုရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ပြည်ပနိုင်ငံများ၏ လုံခြုံရေးအပေါ်၌လည်း မည်သို့မျှ ထိခိုက်နိုင်စရာအကြောင်းမရှိပါ။

အမေရိကန်၏ ယခုလုပ်ဆောင်ချက်သည် ကမ္ဘာ့ကုလသမဂ္ဂအခြေခံမူနှင့် မကိုက်ညီသည့်အပြင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကိုထိပါးစေ၍ တိုင်းရင်းသားလူမျိုးများ၏ တည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှုကို ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုအား (လုံးဝ)လက်မခံနိုင်ကြောင်းနှင့် ကန့်ကွက်ကြောင်း နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့က အတိအလင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးလီချန်း
ဥက္ကဋ္ဌ
နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့။

19-10 (06) 1 10/19/06, 1:53 AM

နိုင်ငံတော်၏စောင့်ရှောက်မြှင့်တင်ပေးမှုများကို နားလည်ခံယူ မိမိတို့ဘဝမြင့်မားတိုးတက်လာအောင် ကိုယ်တိုင်ကြိုးပမ်းအားထုတ်

ပူတာအိုမြို့ ခရိုင်ပြည်သူ့ဆေးရုံလူနာဆောင်သစ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပူတာအိုမြို့ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံ လူနာဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် နောင်မွန်မြို့နယ်အတွက် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ပန်နန်းဒင်မြို့ရောက်ရှိ

ညနေ ၃နာရီတွင် နောင်မွန်မြို့မှ နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြပြီး နမ့်တမိုင်ခန်းမ၌ ပန်နန်းဒင်မြို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ပန်နန်းဒင်မြို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ရေအားလျှပ်စစ်ရရှိရေး၊ ရုပ်မြင်သံကြား အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ နယ်မြေတာဝန်ခံများအား မေးမြန်းဆွေးနွေးပြီးလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ မြန်မာနိုင်ငံ၏ မြောက်ဖျားဒေသ၌ တည်ရှိနေသော ပန်နန်းဒင်ဒေသနှင့် နောင်မွန်၊ ပူတာအိုမြို့နယ်များအကြား ဆက်သွယ်သွားလာမှု ချောမွေ့စေရေးအတွက် အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် အားပေးစကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပန်နန်းဒင်မြို့အတွက် လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးများက အဝတ်အထည်များ၊ ဆေးဝါးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝတ်စုံများကို ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ပန်နန်းဒင်မြို့ ဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရဟတ်ယာဉ်များဖြင့် ပန်နန်းဒင်မြို့မှ ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပူတာအိုမြို့သို့ရောက်ရှိပြီးနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မူလာရှီးဒီကျေးရွာသို့ သွားရောက်ကြပြီး ရွှေလေကုမ္ပဏီလီမိတက်၏ ဟိုတယ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ ဟိုတယ်တည်ဆောက်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ မန်နေဂျာဦးသောင်းပိုက ပဏာမရှင်းလင်းတင်ပြပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟိုတယ်၏ ဘန်ဂလိုအဆောက်အအုံများနှင့် Mainlodgeအဆောက်အအုံတည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၆ရက် နံနက် ၈နာရီတွင် ပူတာအိုမြို့ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံ၌ကျင်းပသည့် လူနာဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ဖြည့်ဆည်းပေးထား

အခမ်းအနားတွင် ပူတာအိုခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းလွင်က ရှင်းလင်းတင်ပြရာ၌ ပူတာအိုပြည်သူ့ဆေးရုံကို ၁၉၈၁ခုနှစ်တွင် ၂၅ခုတင်အဆင့်မှ ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ပေးခဲ့ပါကြောင်း၊ တိုးတက်များပြားလာသည့်လူဦးရေနှင့် ခရိုင်မြို့ဖြစ်သည့်အားလျော်စွာ ၁၉၉၈ခုနှစ်တွင် ခရိုင်အဆင့် ခုတင်(၁၀၀)ဆံ့ဆေးရုံကြီးအဖြစ် တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ယခုအခါ ခရိုင်ဆေးရုံကြီးတစ်ခုတွင် ပြည့်စုံသင့်သည်များ ပြည့်စုံအောင် နိုင်ငံတော်က ဖြည့်ဆည်းပေးထားပြီးဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် လူနာဆောင်သစ်မှာ သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံဖြစ်ပြီး အလျား၁၆၂ပေ၊ အနံပေ၄၀ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးတို့က လူနာဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးချုပ်က လူနာဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့က လှူဒါန်းသည့် ပူတာအိုခရိုင်ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် လှူဒါန်းငွေ ကျပ်သိန်း၈၀၊ မူလာရှီးဒီတိုက်နယ်ဆေးရုံဆေးပဒေသာပင်အတွက် လှူဒါန်းငွေ ကျပ်သိန်း၃၀၊ မချမ်းဘောမြို့နယ်ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် လှူဒါန်းငွေ ကျပ်သိန်း၂၀၊ ဆွမ်ပရာဘွမ်မြို့နယ်ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် လှူဒါန်းငွေ ကျပ်သိန်း၂၀၊ နောင်မွန်မြို့နယ်ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၁၅သိန်း၊ ခေါင်လန်ဖူးမြို့နယ်ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် လှူဒါန်းငွေ ကျပ်၁၅သိန်း၊ ပန်နန်းဒင်မြို့ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် လှူဒါန်းငွေ ကျပ်၁၅သိန်း၊ မချမ်းဘောမြို့နယ် ထရန်ဒမ်းတိုက်နယ်ဆေးရုံဆေးပဒေသာပင်အတွက် လှူဒါန်းငွေ ကျပ်၁၀သိန်း စုစုပေါင်းဆေးပဒေသာပင်အလှူငွေကျပ် ၂၀၅သိန်းကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ပူတာအိုခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းလွင်အား ပေးအပ်လှူဒါန်းသည်။

အဆင့်မြှင့်တင်ပေးနိုင်

ယင်းနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ပူတာအိုခရိုင် ပြည်သူ့ဆေးရုံကဲ့သို့ပင် နိုင်ငံတော်တစ်ဝန်းလုံးရှိ ဆေးရုံ၊ ဆေးခန်းများကို အဆင့်မြှင့်ခြင်း၊ အသစ်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိခြင်းမှာ ပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း မြှင့်တင်ပေးနိုင်ရေးအတွက်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စအပါအဝင် လူမှုစီးပွားဘဝတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဦးတည်ချက်များချမှတ်ပြီး ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း နောင်တွင်လည်း ပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် မည်သည့်အခါမှ ရပ်တန့်မနေဘဲ တိုးတက်သည်ထက် တိုးတက်အောင် ဆက်တိုက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကြိုးပမ်းအားထုတ်

ပြည်သူများကလည်း နိုင်ငံတော်၏ စောင့်ရှောက်မြှင့်တင်ပေးမှုများကို နားလည်ခံယူ၍ မိမိတို့၏ ဘဝအဆင့်အတန်းမြင့်မားတိုးတက်လာအောင် ကိုယ်တိုင်ကြိုးပမ်းအားထုတ်ကြရန်လည်း လိုကြောင်း။

နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုအောက်၌ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲပူးပေါင်းကာ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လူနာဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ပြင်ပလူနာဌာန သွားနှင့်ခံတွင်း ကျန်းမာရေးဌာန၊ လူနာများနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမသို့ သွားရောက်ကြပြီး ပူတာအိုခရိုင်နှင့် ပူတာအိုမြို့နယ် မချမ်းဘောမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံကြသည်။

ဖွံ့ဖြိုးတိုးတက်မှုတင်ပြ

တွေ့ဆုံပွဲတွင် ပူတာအိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်စိုးက ပူတာအိုခရိုင်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ၊ ဒေသအတွင်းလမ်းပန်းဆက်သွယ်ရေးအခြေအနေများ၊ ပူတာအိုလွင်ပြင်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုများ၊ ဒေသ၌

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပူတာအိုလွင်ပြင်သည် အလွန်ကျယ်ပြန့်ပြီး သဘာဝအရင်း အမြစ်ကောင်းမွန်သည့် လွင်ပြင်ကြီးဖြစ်ရာ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် နေရာတိုင်း၌ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်အောင် မြေသယံဇာတများကို အပြည့်အဝအသုံးချစိုက်ပျိုးပြီး ဝင်ငွေများ တိုးပွားလာအောင် အားထုတ် စီမံဆောင်ရွက်။

အမှာစကား ပြောကြား

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နောင်မွန်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ရေနံပင်(Tung Tree)စိုက်ပျိုးဖြစ်ထွန်းမှုနှင့် ရေနံပင်မှ ဇီဝလောင်စာ ထုတ်ယူရရှိမှုများ၊ ခရိုင်၏ဖွံ့ဖြိုးတိုးတက်မှုများ၊ လူတစ်ဦးချင်းဝင်ငွေ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ရေအားလျှပ်စစ်ရရှိရေး၊ ခရိုင်ပြည်သူ့ဆေးရုံ၌ ဂါလန် ၁၅ဝဝဆံ့ရေစင်တည်ဆောက်ရေး၊ သစ်တောများထိန်းသိမ်းကာကွယ်ရေးကိစ္စများ၊ ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တို့၌ အခြေခံပညာဆရာဆရာမများဖြည့်စွက်ခန့်ထားရေးကိစ္စများကို ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ်က လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး မှာကြားရာတွင် ဒေသအတွင်းလမ်းများ ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်နိုင်ရန် ယာဉ်ယန္တရားများ ဖြည့်ဆည်းပေးသွားမည်ဖြစ်ရာ ကြီးကြပ်ကွပ်ကဲမှု ကောင်းကောင်းဖြင့် လမ်းလုပ်ငန်းများ တိုးတက်ပြီးစီးအောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

ဒေသအတွင်းအုပ်ချုပ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေအားလျှပ်စစ်ဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးကိစ္စများကို မိမိတို့အားလုံးတက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အားထုတ်စီမံဆောင်ရွက်

အထူးသဖြင့် ပူတာအိုလွင်ပြင်သည် အလွန်ကျယ်ပြန့်ပြီး သဘာဝအရင်းအမြစ်ကောင်းမွန်သည့် လွင်ပြင်ကြီးဖြစ်ရာ စိုက်ပျိုး ဖြစ်ထွန်းနိုင်သည့် နေရာတိုင်း၌ စိုက်ပျိုးရေးလုပ်ငန်းများကို ဖြစ်ထွန်းအောင်မြင်အောင်၊ မြေသယံဇာတများကို

ဒေသအတွင်းလမ်းများ ရာသီမရွေးသွားလာနိုင်ရေး လမ်းလုပ်ငန်းများ တိုးတက်ပြီးစီးအောင် ကြိုးပမ်း

အပြည့်အဝအသုံးချစိုက်ပျိုးပြီး ဝင်ငွေများ တိုးပွားလာအောင် အားထုတ် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စေတနာထားအလုပ်လုပ်

ဝန်ထမ်းများအနေဖြင့် မိမိတို့ရောက်ရှိတာဝန်ထမ်းဆောင်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထား ကြိုးကြိုးစားစားအလုပ်လုပ်သွားကြရန် ဖြစ်ကြောင်း။

ပူတာအိုလွင်ပြင်၏ မြေသယံဇာတနှင့် ရေသယံဇာတတို့ကို တန်ဖိုးမြှင့်တင်အသုံးချလာနိုင်အောင် မိမိတို့က နည်းလမ်းရှာကြံ၍ အကူအညီပေးကြရန် လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ပူတာအိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သည်။

အဝတ်အထည်များပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပူတာအိုခရိုင်ကျန်းမာရေးဦးစီးဌာနမှူးအား ဆေးပစ္စည်းများကိုပေးအပ်ပြီး တိုင်းမှူးက အဝတ်အထည်များကိုပေးအပ်သည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝတ်စုံများကိုလည်းကောင်း ပေးအပ်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဒေသ၌ဖြစ်ထွန်းသည့် ရေနံပင်၊ ရေနံပင်အသီး၊ အစေ့၊ ကြိတ်ဖတ်နှင့် ဆီနမူနာတို့ကိုလည်းကောင်း၊ တိန်းကောပင်၊ တိန်းကောသီးနှင့် တိန်းကောစားသုံးဆီနမူနာတို့ကိုလည်းကောင်း၊ ဂရိတ်ဖရု၊ တယ်သီး၊ ရှီးပတီး၊ မချစ်ဥ၊ ခန်းတောက်မြစ်စသည့် ဒေသထွက်ပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဒေသအတွင်းအုပ်ချုပ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေအားလျှပ်စစ်ဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးကိစ္စများကို တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်။

ဟိုတယ်တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မူလာရှီးဒီကျေးရွာ၌ ရွှေလေကုမ္ပဏီလီမိတက်၏ ဟိုတယ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထို့နောက် ထေရဝါဒဗုဒ္ဓဗဟိုသာသနာပြုကျောင်းသို့ သွားရောက်ကြပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောကနှင့် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မတ်ပန်ကွင်းသို့သွားရောက်ကြပြီး အထွက်ကောင်း မော်ဘီ–၃၊ ရွှေရင်အေး၊ ဆင်းသွယ်လတ်စပါးမျိုးများ စိုက်ပျိုးဖြစ်ထွန်းမှုများကိုကြည့်ရှုစစ်ဆေးကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်မှု

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပူတာအိုမြို့မှ ဆွမ်ပရာဘွမ်မြို့သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြပြီး ရှေးဦးစွာ ဆွမ်ပရာဘွမ်အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်များအခြေအနေနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုတို့ကိုကြည့်ရှုစစ်ဆေးကြသည်။

ထပ်မံဖြည့်ဆည်းပေး

ဆက်လက်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ မြန်မာ့ကျောင်းနှင့် ဇာတိမာန်သီချင်းသံပြိုင်သီဆိုမှုများကို အားပေးကြပြီး လိုအပ်သည်များကို ထပ်မံဖြည့်ဆည်းပေးကြသည်။

ထို့နောက် ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဘန်ရှုခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်သိန်းနှင့် နယ်မြေခံတာဝန်ရှိသူများက ဆွမ်ပရာဘွမ်မြို့နယ်၏

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက ဒေသအတွင်း ကားလမ်းဖောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဝန်ကြီးချုပ်က အင်ဂျန်းယန်မြို့တည်ဆောက်ရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို မှာကြားပြီးမြို့နယ်အတွက် ဆေးပစ္စည်းများကို တာဝန်ခံဆရာဝန်သို့ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များက လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများသို့ ပေးအပ်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲ အပြီးတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဆောက်လုပ်ဆဲစုပေါင်းရုံးနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။ စာသင်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း အင်ဂျန်းယန်မြို့နယ် ဆောက်လုပ်ဆဲ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပူတာအိုမြို့ ထေရဝါဒဗုဒ္ဓ ဗဟိုသာသနာပြုကျောင်း မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောကထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

စိုက်ပျိုးရေး၊ ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တစ်စိတ်တစ်ဝမ်းတည်း

ထို့နောက် ဝန်ကြီးချုပ်က ဆွမ်ပရာဘွမ်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြချက်များအပေါ် လိုအပ်ချက်များကို စီမံဆောင်ရွက်ပေးပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဆွမ်ပရာဘွမ်မြို့နယ်အပါအဝင် ကချင်ပြည်နယ်အတွင်းရှိဝေးလံပြီး ဆက်သွယ်မှုခက်ခဲသောဒေသများသို့ လှည့်လည်သွားရောက်၍ ဒေသ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းစီစဉ်ပေးမှုများ၊ နိုင်ငံတော်၏ ဦးစီးဦးဆောင်ပြု ဆောင်ရွက်မှုများနှင့်အတူ ဒေသခံပြည်သူများက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူထားရှိကာ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် အင်ဂျန်းယန်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ယင်းနောက် မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောညီညီထွေးက အင်ဂျန်းယန်မြို့နယ်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ကျောင်း၌ စာသင်ကြား နေသောဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားလည်း နှုတ်ဆက်အားပေးကြသည်။

ထို့နောက်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့နယ် ပြည်သူ့ဆေးရုံ ဆောက်လုပ်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံမှာကြား

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းတွင် ပူတာအိုတပ်နယ် ဗန္ဓုလခန်းမ၌ ပူတာအိုတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုများအား လိုက်လံနှုတ်ဆက်အားပေးသည်။

အောက်တိုဘာ ၁၅ရက်ညပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ပူတာအိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့် မြို့နယ်အသင်းများမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအားတွေ့ဆုံ၍ လိုအပ်သည်များကို အားပေးမှာကြားကြသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ဇော်ဂျီရေအားလျှပ်စစ်စက်ရုံစစ်ဆေး ရေလှောင်တမံမှစိုက်ပျိုးရေ သီးနှံလျာထားချက်ပြည့်မီအောင် ဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၁၈

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၁၄ရက်နံနက်ပိုင်းက တောင်ကြီး–ရပ်စောက် ကားလမ်း လမ်းဘေးဝဲ/ယာတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဆင်တဲကျေးရွာရှိ တောင်သူဦးထွန်းတင်၊ ဦးစံရွှေနှင့် ဦးကိုမျိုးတို့၏ ရိတ်သိမ်းပြီးပြောင်းများ စက်ဖြင့်ပြောင်းသီးနှံခြွေလှေ့နေမှုကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထုတ်လုပ်မှုဆုရရှိ

ရပ်စောက်မြို့နယ်အတွင်း ၂၀၀၆–၂၀၀၇ခုနှစ် မိုးစပါးလျာထား ဧက ၅၉၁၈၀တွင် ၅၉၂၀၄ဧကစိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် အစေ့ထုတ်ပြောင်းနှင့် နှံစားပြောင်းလျာထား၃၅၄၃၅ဧကတွင် ၃၅၄၃၈ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရပြီး ရပ်စောက်မြို့နယ်သည် ၂၀၀၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်(အက်ဖ်အေအို)မှ တိုးမြှင့်သော အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ဆုရရှိထားကြောင်းသိရသည်။

ယင်းနောက် တိုင်းမှူးသည် ရပ်စောက်မြို့နယ်ရှိ တပ်ကြီးရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်၍ စက်ယန္တရားများ ကြံ့ခိုင်ရေး ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် တာဘိုင်များကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု၊ တမံအတွင်း ရေဝင်ရေထွက်နှင့် ရေပိုလွှဲ၊ ရေတံခါးများကြံ့ခိုင်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းအမှတ်(၁) ဇော်ဂျီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် အမှတ်(၂) ဇော်ဂျီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ရှိရာ ဇော်ဂျီရေလှောင်တမံတို့သို့ သွားရောက်ပြီး စက်များ ကြံ့ခိုင်ကောင်းမွန်မှု လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနေမှု၊ ရေဝင်ရေထွက်နှင့် ရေတံခါးများ ရေပိုလွှဲများ ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး စက်ရုံဝန်ထမ်းများအား လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူးသည် ဇော်ဂျီရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေပိုလွှဲများအခြေအနေ၊ တာပေါင်များ ကြံ့ခိုင်ကောင်းမွန်မှုနှင့် တာတမံ ကြံ့ခိုင်ရေးအတွက်ဗထူးတပ်နယ်မှတပ်မတော်သားများက မြေဖို့ခြင်း လုပ်ငန်းများ တပျော်တပါး စုပေါင်း ဆောင်ရွက်မှုများကို တာပေါင်တစ်လျှောက် လှည့်လည် ကြည့်ရှုစစ်ဆေးကာ တပ်မတော်သားများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးသည်။

ထိန်းညှိဖြန့်ဝေ

အမှတ် (၁) ဇော်ဂျီ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ၆မဂ္ဂါဝပ် တာဘိုင်စက် သုံးလုံးနှင့် အမှတ် (၂) ဇော်ဂျီရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွင် ၆မဂ္ဂါဝပ် တာဘိုင်စက် နှစ်လုံး တပ်ဆင်ထားရှိ ပြီး အမှတ်(၂) ဇော်ဂျီရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၆၆ ကေဗွီ ဓာတ်အားလိုင်းမှ တစ်ဆင့် မဟာဓာတ်အားလိုင်းအတွင်းသို့ ဓာတ်အားပို့ လွှတ်ဖြန့်ဖြူးလျက်ရှိရာ ရပ်စောက် မြို့နယ်နှင့် ဗထူးတပ်နယ်အတွင်း လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူး ပေးလျက်ရှိကြောင်းနှင့် ဇော်ဂျီရေလှောင်တမံမှ ရေသောက်ဒေသများနှင့် မိတ္ထီလာ–ကျောက်ဆည်ဒေသများတွင် သီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လိုအပ်သော စိုက်ပျိုးရေများကို လိုအပ်သလို ထိန်းညှိဖြန့်ဝေပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ ဘုံကထိန်လျာသက်န်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (၁၆/၃)ရပ်ကွက် ဓမ္မာရုံလမ်းရှိ ငါးကျမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော်ကြီး ဘဒ္ဒန္တသုမင်္ဂလ၊ ပဓာန နာယကဆရာတော် ဒေါက်တာအရှင်ဓမ္မပိယ (Ph.D/USA) နှင့် သံဃာတော်၊ ပင့်သံဃာတော်များအား အောက်တိုဘာ၂၈ရက် (စနေနေ့) နံနက်ပိုင်းတွင် (၃၄)ကြိမ် မြောက် စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အဆိုပါ ငါးကျမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် သင်္ကန်းဒွိစုံတစ်စုံလျှင် ငွေကျပ်၃၀၀၀နှင့် သံဃာတော်တစ်ပါးအတွက် ဆွမ်းဆက်ကပ်လိုလျှင် ငွေကျပ်၅၀၀တို့ဖြင့် ငါးကျမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာအကျိုးဆောင်အဖွဲ့ဖုန်း–၅၇၁၃၁၂နှင့် ၅၆၂ ၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းဘုံကထိန်နှင့် အရုဏ်ဆွမ်း လောင်းလှူမည်

ရန်ကုန် အောက်တိုဘာ ၁၈

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ အသင်းသူအသင်းသားများ၏ လှူဒါန်းငွေများဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် မြို့ပေါ်ရှိကျောင်းပေါင်း ၅၃ ကျောင်းမှ သံဃာတော်အပါး ၉၀၀ ကျော်တို့အား အရုဏ်ဆွမ်း လောင်းလှူမည်ဖြစ်ရာ နိုဝင်ဘာ ၂ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် မော်တင်ဆိပ်ကမ်းမှ ထွက်ခွာပြီး နိုဝင်ဘာ ၄ရက်(စနေနေ့) တန်ဆောင်မုန်းလပြည့်နေ့တွင် မဟာဘုံကထိန် လှည့်လည်၍ မဲပေါက်သော ကျောင်းသို့ ဆက်ကပ် လှူဒါန်းခြင်း၊ နိုဝင်ဘာ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် အရုဏ်ဆွမ်း လောင်းလှူခြင်းနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းခြင်းများ ပြုလုပ်၍ နိုဝင်ဘာ ၅ရက် (တနင်္ဂနွေနေ့)ညနေတွင် ရန်ကုန်သို့ ပြန်လည်ထွက်ခွာကြမည် ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ နှစ်စဉ်နှစ်တိုင်းကဲ့သို့ အောက်ပါအစီအစဉ်များအတိုင်း ဇာတိမြေသို့ ပျော်ပျော်ပါးပါး လိုက်ပါလှူဒါန်းကြပါရန်နှင့် လိုက်ပါလှူဒါန်းလိုသူများသည် ဦးတင့်ဇော်(ဥက္ကဋ္ဌ) ဖုန်း– ၂၉၁၃၃၈၊ ဦးတင်မောင်မြင့်(အတွင်းရေးမှူး) ဖုန်း– ၅၀၁၆၆၃ (Ext)၂၄၄၊ ဒေါ်မြင့်မြင့်စိန် (ဘဏ္ဍာရေးမှူး) ဖုန်း– ၅၄၃၇၂၄နှင့် အသင်းတိုက် ဖုန်း– ၂၁၂၅၀၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဓညဝတီသာသနာပြု ကျောင်းတိုက်ဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၁၈

ဗဟန်း မြို့မရပ်ကွက် ဓညဝတီ သာသနာပြုကျောင်းတိုက်တွင် (၆၃) ကြိမ်မြောက် ဘုံကထိန်ပွဲကို သံဃာတော်အပါး ၁၁၀အား ပင့်ဖိတ်၍ မဟာမုနိရုပ်ပွားတော်မြတ် ကိန်းဝပ်စံပါယ်တော်မူလျက်ရှိသော ဓမ္မာရုံသစ်၌ ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း၉ ရက်(အောက်တိုဘာ ၂၉ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီမှ ၁၁ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ရာ အလှူရှင်များအား ဖိတ်ကြားထားသည်။

(က–ပ)

ဟုတ်ပဲ့မလား မောင်ကာဠူရဲ့ ဒို့ထက်တောင်ပိုသေး

မောင်ကာဠူ

(အဘိုး) လာပဟ့ မောင်ကာဠူ၊ မင်းကို မျှော်နေတာ။

(မောင်ကာဠူ) ကျွန်တော်လည်း အဘိုးနဲ့တွေ့ချင်လို့ အဘိုးရဲ့။

(ဘိုး) ဘာအကြောင်းထူးရှိလို့လဲကွယ့်။

(ဠူ) ဩော် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံအရေး ဆွေးနွေးဖို့ ပြည်ပြေးတွေ၊ ပုဆိန်ရိုးတွေ၊ ပြည်တွင်းက လက်ဝေခံ အဖျက်သမားတွေ ဝမ်းသာအားတက်အောင် အမေရိကန်က အဆိုတင်ပေးတယ်လေ။ အဲဒီအဆိုကို ထောက်ခံမဲ ပြည့်မီ အောင်လည်း နည်းမျိုးစုံနဲ့ ငွေကြေးစီးပွားရေး အကူအညီ ပေးနည်း၊ ဖိအားပေး အကျပ်ကိုင်နည်းတွေ သုံးသွားပုံကို တလောက သတင်းစာမှာ ဖတ်လိုက်ရတယ်။ အဲဒီအကြောင်း အဘိုးနဲ့တွေ့ပြီးမေးချင်လို့၊ အဘိုးပြောတာ နားထောင်ချင်လို့။

(ဘိုး) ဒါများကွာ၊ နိုင်ငံတကာမှာ ခြေရှုပ်စွက်ဖက်ပြီးမှ မိမိတို့နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးဩဇာ ထူထောင်ဖို့လုပ်တဲ့ အမေရိကန် ပြည်ထောင်စုရဲ့ ဗိုလ်ကျစိုးမိုးရေး နည်းဗျူဟာ တစ်ခု သက်သက်ပါ၊ အဲဒီ ဗီတိုအာဏာသုံးနိုင်တဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နှစ်နိုင်ငံနဲ့ ကာတာအပါအဝင် နိုင်ငံတွေက မထောက်ခံခဲ့ဖူးလေကွယ်၊ ဒီလုပ်ရပ်ဟာ ကုလ သမဂ္ဂပဋိညာဉ်အပိုဒ် ၂၄ ကို ချိုးဖောက်တာဖြစ်ကြောင်း၊ မြန်မာ နိုင်ငံဟာ မည်သည့်အိမ်နီးချင်းနိုင်ငံ၊ မည်သည့်ဒေသတွင်း နိုင်ငံတွေရဲ့ လုံခြုံရေးကိုမှ မခြိမ်းခြောက်ကြောင်း တင်ပြပြီး အမေရိကန်ရဲ့လုပ်ရပ်ကို ဝေဖန်ပြစ်တင်ခဲ့ကြတာပဲလေ။ ပြီးတော့ ဒီလိုဆွေးနွေးဖို့ လက်ခံတယ်ဆိုတာက တခြားဆွေးနွေးရမယ့် အကြောင်းအရာခေါင်းစဉ် ၁၄၈ ခုအနက်က တစ်ခုပါ၊ မြန်မာ နိုင်ငံကို အရေးယူဖို့ မဟုတ်ဘူး။ အမေရိကန်ဟာ သူကိုယ်တိုင် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးကို အကြိမ်ကြိမ်ချိုးဖောက်ပြီး ဟိုနိုင်ငံ ကျူးကျော်၊ ဒီနိုင်ငံကျူးကျော်လုပ်နေခဲ့တာပဲ၊ ပြီးတော့မှ ကုလသမဂ္ဂက အရေးယူဖို့ အမေရိကန်ကပဲ တရားလိုလုပ်ပြီး တင်ပြနေတာ တွေ့ရတယ်။ ကုလသမဂ္ဂကို အမေရိကန်က ခေါင်းပေါ်တင်မထားနိုင်ဘူး။ လိုရင်တော့ အသုံးချတယ်ဆိုတဲ့ သဘောပါပဲ။

(ဠူ) သူ့ကိုတော့ ပဋိညာဉ်ချိုးဖောက်ပြီး ကျူးကျော်စွက်ဖက်လို့ ဆိုပြီး အရေးမယူကြဘူးလား။

(ဘိုး) သူ့ကိုဖြစ်ဖြစ်၊ သူ့ရဲ့မဟာမိတ်နိုင်ငံ၊ ဩဇာခံနိုင်ငံကိုဖြစ်ဖြစ် ကုလသမဂ္ဂက အရေးယူဖို့ လုပ်တိုင်း သူက ဗီတိုအာဏာနဲ့ ပယ်ချနေတာလေကွာ၊ အမေရိကန်မှာ အခုတက်နေတာက ရီပတ်ဘလီကင်ပါတီရဲ့ သမ္မတကွ၊ ရီပတ်ဘလီကင်ပါတီဟာ လက်ယာအစွန်းရောက်ပါတီ၊ နီယိုကွန်လို့ခေါ်တဲ့ နီယိုကွန် ဆာဗေးတစ်၊ တစ်ယူသန်တစ်ခုစွဲ ဝါဒီတွေလို့လဲ မီဒီယာတွေမှာ ရေးတယ်။ ရီပတ်ဘလီကင်ပါတီ သမ္မတတစ်ဦး တက်လာရင် ကမ္ဘာ့နိုင်ငံ နှစ်ခု၊ သုံးခုလောက်ကိုတော့ အကြောင်းပြချင်ရာပြပြီး ကျူးကျော် တိုက်ခိုက်တာပဲ၊ ပျော့ပါတယ်ဆိုတဲ့ ဒီမိုကရက်တစ် ပါတီက သမ္မတတက်လာရင်လည်း တစ်နိုင်ငံလောက်ကိုတော့ ကျူးကျော်တိုက်ခဲ့တာပဲ။

(ဠူ) ဒုတိယကမ္ဘာစစ်ကာလ ဟစ်တလာ(ဂျာမနီ)၊ မူဆိုလိုနီ (အီတလီ)၊ တိုဂျို(ဂျပန်) ဖက်ဆစ်သုံးနိုင်ငံက နယ်ချဲ့ လက်ဟောင်းတွေ သိမ်းပိုက်စိုးမိုးထားတဲ့ ကိုလိုနီလက်အောက်ခံ နိုင်ငံတွေကို လုယက်သိမ်းပိုက်လာတဲ့အခါ အမေရိကန်က ဖက်ဆစ်ဆန့်ကျင်ရေးကြွေးကြော်သံ ရှေ့တန်းတင်ခဲ့တယ်။ စစ်ပြီးခေတ် ဝါဒ ရန်ဘက် ဆိုရှယ်လစ်နိုင်ငံများဖြစ်တဲ့ ဆိုဗီယက်အုပ်စုကို ဆန့်ကျင်တိုက်ခိုက်လာတဲ့အခါ ဦးစွာပထမ Free World နှောင်ကြိုးမဲ့ကမ္ဘာ တည်ထောင်ရေးလို့ ကြွေးကြော်တယ်။ ဆိုဗီယက်မှာ ဆိုရှယ်လစ်စနစ် တစ်မျိုးတည်းကျင့်သုံးပြီး တစ်ပါတီတည်းက အာဏာရနေတာဟာ ဒီမိုကရေစီကို ဆန့်ကျင်တယ်လို့ ဆက်ကြွေးကြော်တယ်။ ဆိုရှယ်လစ် (ကွန်မြူနစ်)ဝါဒဟာ ပြည်သူတွေကို ပိုမိုဆင်းရဲစေတယ်လို့ ကြွေးကြော်ပြန်တယ်။ နောက် ဒီမိုကရက်တစ်သမ္မတ ဂျင်မီ ကာတာက ဆိုဗီယက်ကိုတိုက်ဖို့ လူ့အခွင့်အရေးဆိုတဲ့ ဝေါဟာရ ကို ဖုတ်ဖက်ခါ ဆွဲထုတ်သုံးလာတယ်၊ ဟုတ်တယ်နော် အဘိုး။

(ဘိုး) ဟုတ်တာပေါ့ကွာ၊ ဆိုဗီယက်ပြည်ထောင်စုနဲ့ အရှေ့ဥရောပ ဆိုရှယ်လစ် ရှစ်နိုင်ငံတွေ ပြိုကွဲသွားတဲ့ နောက်မှာ ရေနံနဲ့ ကြွယ်ဝလာပြီး ဘာသာရေး အလေးအနက်ထားတဲ့ အစ္စလာမ်မစ် ဘာသာ ကိုးကွယ်တဲ့နိုင်ငံတွေ အထူးသဖြင့် အာရပ်နိုင်ငံတွေဘက် မြားဦးလှည့်တဲ့အခါ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုတဲ့ ကြွေးကြော်သံကို ပွဲထုတ်လာတယ်။ ဘာသာရေးအစွန်းရောက် သမား အစ္စလာမ်မစ် အခြေခံဝါဒီတွေ၊ မွတ်စလင်စစ်သွေးကြွ တွေလို့ ကင်ပွန်းတပ်ပြီး ပစ်မှတ်ထားလာတာလဲ အမေရိကန်ပဲကွ။

(ဠူ) ဟုတ်တယ်နော်အဘိုး၊ သူတို့ပါးစပ်ကတော့ ပြောလဲပြောတတ်ကြ ပါပေ့။

(ဘိုး) ဟ လျှာသိက္ခာ၊ လျှာသမာဓိမရှိရင်၊ နှုတ်မစောင့်စည်းရင်၊ တိုတိုပြောရရင် ကာယကံ၊ ဝစီကံ၊ မနောကံစတဲ့ ကံသုံးပါးမှာ အကုသိုလ်လွှမ်းကဲရင်၊ နိုင်ငံရေးအကျင့်သီလ မစောင့်ထိန်းရင် ငါ့စကားနွားရ ပြောချင်ရာပြောလို့ရတာပဲကွ၊ ဒို့ထေရဝါဒ ဗုဒ္ဓဘာသာဝင် မြန်မာတွေမှာ အဲဒီလို ဝစီဒုစရိုက်၊ မနောဒုစရိုက်၊ ကာယဒုစရိုက်မျိုး မရှိဘူးကွယ့်။

(ဠူ) ကိုင်း–ကျွန်တော်တို့လို ကွန်မြူနစ်နိုင်ငံလည်းမဟုတ်၊ အစ္စလာမ် မစ်အခြေခံဝါဒီ နိုင်ငံလည်းမဟုတ်၊ ဖက်ဆစ်ဝါဒကို လက်မခံ တဲ့အပြင် ၁၉၄၅ ပြည့်လွန်နှစ်တွေက ဖက်ဆစ်ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေးလုပ်ခဲ့တဲ့နိုင်ငံ၊ အခုလည်း ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အေးချမ်းသာယာပြီး ကိုယ့်မှာရှိတဲ့ ရေ၊ မြေ၊ လေ သယံဇာတကောင်းတွေနဲ့ ကိုယ့်နိုင်ငံအကျိုးကို သမ္မာအာဇီဝ နည်းနဲ့ ကြိုးပမ်းတည်ဆောက်နေတဲ့နိုင်ငံ၊ ဘက်မလိုက် နိုင်ငံခြားရေးဝါဒကျင့်သုံးပြီး နိုင်ငံတကာဆက်ဆံရေးမှာ သန့်ရှင်းစင်ကြယ်တဲ့နိုင်ငံ၊ ဗုဒ္ဓသာသနာတော် ထွန်းကားတဲ့နိုင်ငံကို ဘာပြုလို့ ရန်လုပ်ရသလဲခင်ဗျာ။

(ဘိုး) ခုတလော သတင်းစာမှာရေးတဲ့ ဆောင်းပါးတွေ၊ သတင်းကြေညာ ချက်တွေ ဖတ်ပြီးပြီပဲ၊ မင်းသိရောပေါ့၊ တစ်ကမ္ဘာလုံးကို ဗိုလ်ကျ စိုးမိုးပြီး သူတို့နိုင်ငံ ပိုမိုကြွယ်ဝဖို့ ဘို့တစ်ဘို့တည်းသာထားတဲ့ အမေရိကန်မူဝါဒ၊ ကိုလိုနီပုံစံသစ်အရ ဖက်ဆစ်အုပ်စု၊ ကွန်မြူနစ် ဆိုရှယ်လစ်အုပ်စု၊ အစ္စလာမ်မစ်နိုင်ငံများကို ရန်ရှာပြီးပြီလေ။ အခုကိုယ့်နိုင်ငံ ဖွံ့ဖြိုးရေးအတွက် သမာသမတ်ကြိုးပမ်းနေကြတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဘက်မလိုက်နိုင်ငံတွေဘက် မြားဦးလှည့်လာ ရတာပေါ့။ ဘက်မလိုက် နိုင်ငံခြားရေးမူဝါဒ ချမှတ်ကျင့်သုံးတဲ့ နိုင်ငံပေါင်း ၁၁၈ နိုင်ငံက စုစုစည်းစည်းရှိလာတယ်။ ဆီးတိုး စစ်အုပ်စုအတွက် မှန်းထားတဲ့ အရှေ့တောင်အာရှ ၁၀ နိုင်ငံက အာဆီယံအသင်းကြီးမှာ စုစည်းမိလာတယ်။ ဒါမျိုးတွေကို အမေရိကန်က လက်မခံဘူးလေ။

(ဠူ) ကျွန်တော်တို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကျူးဘားလို၊ ယူဂိုဆလပ်လို ဆိုရှယ်လစ်လည်းပါ၊ အမျိုးသားရေးဝါဒ ကျင့်သုံး တဲ့နိုင်ငံတွေလည်းပါ၊ ခရစ်ယာန်နိုင်ငံလည်းပါ၊ အစ္စလာမ်နိုင်ငံ လည်းပါ၊ ဗုဒ္ဓဘာသာနိုင်ငံလည်းပါတယ် မဟုတ်လား အဘိုးရဲ့။

(ဘိုး) ဟုတ်တယ်လေ၊ ဆိုရှယ်လစ် ဘက်မလိုက်နိုင်ငံတွေကိုတော့ ဆိုဗီယက်နဲ့ တိုက်တဲ့ဝါဒ စစ်အေးတိုက်ပွဲထဲ ထည့်ရိုက်လိုက် တာပေါ့၊ အစ္စလာမ်နိုင်ငံကိုတော့ အိုစမာဘင်လာဒင်ရဲ့ အကြမ်းဖက်မှုပုဒ်မတပ်ပြီး ထိုးနှက်တယ်လေကွာ၊ ဗုဒ္ဓဘာသာ နိုင်ငံတွေကိုတော့ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ ဘာသာရေး လွတ်လပ်ခွင့်စတဲ့ စွပ်စွဲချက်တွေနဲ့ ထိုးနှက်တာပေါ့။ ဒို့နိုင်ငံ မှာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း ထောင်ချီရှိတယ်။ အစ္စလာမ် ဗလီလဲ ထောင်ပေါင်းများစွာရှိတာပဲ၊ ဟိန္ဒူဘုရားကျောင်း တစ်ထောင်ကျော်ရှိတယ်၊ အားလုံးလွတ်လပ်စွာ ကိုးကွယ်ပြီး ဘာသာချင်း မတူသော်လည်း ဘာသာတရားများရဲ့ အနှစ်သာရအရ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်လျက်ရှိတယ်။ အနောက်အုပ်စု က ဘာသာရေး အရေခြုံပြီး နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခဖန်တီးချင်တဲ့ သောနတ္ထိုရ်တွေအတွက်တော့ နေရာမရှိဘူး ပေါ့ကွာ။

(ဠူ) **လူ့အခွင့်အရေးဆိုတဲ့ စကားလုံးကလည်း အမေရိကန်နဲ့ ဥရောပ အရင်းရှင်(နယ်ချဲ့ဝါဒီ)အုပ်စုက အားအားရှိတိုင်းသုံးလို့ ဆီသည်မ လက်သုတ်ဖတ်ဖြစ်နေပြီ။ သူတို့နိုင်ငံကထုတ်တဲ့ စာအုပ်တွေနဲ့ နိုင်ငံတကာက တုံ့ပြန်ချေပချက်တွေအရ အမေရိကန်နဲ့ ဥရောပ နိုင်ငံ တွေလောက် လူ့အခွင့်အရေး ချိုးဖောက်တာ မရှိဘူး။ လူလူချင်း လူမျိုး၊ အဆင့်အတန်း၊ အသားအရောင်ခွဲခြား ဆက်ဆံ မှုက သိပ်ပြင်းထန်လို့ ကုလသမဂ္ဂကတောင် အသားအရောင် ခွဲခြားမှု ဆန့်ကျင်တိုက်ဖျက်ရေး လုပ်ငန်းစဉ် ချမှတ်လုပ်ဆောင် နေရတယ်။**

(ဘိုး) အေးပါ၊ အမေရိကန်သမ္မတ ဂျင်မီကာတာလက်ထက် ဆိုရှယ်လစ် ကွန်မြူနစ် နိုင်ငံတွေမှာ တစ်ပါတီ၊ တစ်ဝါဒပဲရှိလို့ တခြားဝါဒ ကြိုက်ခွင့်မရှိဘူး။ ဒါလူ့အခွင့်အရေး ချိုးဖောက်တာပါလို့ စွပ်စွဲပြီး ဆိုဗီယက်နဲ့ စစ်အေးတိုက်ပွဲမှာ ဒီစကားလုံးတွင်တွင်သုံးခဲ့တယ်။ အခုတော့ သူတို့နိုင်ငံကလွဲပြီး ဘယ်နိုင်ငံကိုမဆို မလိုရင် မလိုသလို လူ့အခွင့်အရေးစွပ်စွဲချက်နဲ့ ပုတ်ခတ်ထိုးနှက်လာတာ ပဲ ဖြစ်တယ်ကွယ့်။ ကုလသမဂ္ဂက ရေးဆွဲပြဋ္ဌာန်း အကောင် အထည်ဖော်ခဲ့တဲ့ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီးကို တစ်လျှောက်လုံး ဆန့်ကျင်ချိုးဖောက်လာတာဟာ အမေရိကန်နဲ့ ဗြိတိန်တို့ဖြစ်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေး ညီလာခံ တိုင်းမှာ နိုင်ငံအများစုကြီးက ဝေဖန်ခဲ့တဲ့ မှတ်တမ်းရှိနေတာပဲ။ ဒီနေ့ အမေရိကန်က သူတို့ပစ်မှတ်ထားတဲ့ နိုင်ငံတွေကို လူ့ အခွင့်အရေး ချိုးဖောက်တယ်လို့ မျက်စိမှိတ် ကုန်းအော် နေတာဖြစ်တယ်။

(ဠူ) **ကျွန်တော်တို့ နိုင်ငံသားများရဲ့ သမိုင်းကြောင်း၊ ယဉ်ကျေးမှု အစဉ်အလာ၊ လူမျိုးစရိုက်လက္ခဏာနဲ့ ဘာသာတရား အဆုံး အမများကြောင့် မြန်မာနိုင်ငံသားချင်း မေတ္တာအခြေခံနဲ့ ဆက်ဆံကြတယ်။ အရာရာကို အများသဘောတူ စုပေါင်း လုပ်ဆောင်ကြတယ်။ ဒါ့ကြောင့် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ ကျင့်စဉ်ဟာ မြန်မာတို့အရိုးစွဲနေတဲ့ အရာတွေပဲလို့ ကျွန်တော် ထင်တယ်အဘိုး။**

(ဘိုး) မောင်ကာဠူ၊ မင်းတော်တော်ကို နားလည်သဘောပေါက်နေပြီ၊ သာဓုကွာ၊ သာဓု၊ သာဓု၊ ဒို့နိုင်ငံမှာ လူလူချင်းမေတ္တာ ကရုဏာနဲ့ဆက်ဆံတယ်၊ လူမျိုးအသားအရောင် အဆင့်အတန်း မခွဲခြားဘူး၊ ရပ်ရေးရပ်တာ လုပ်ကြတာကအစ အများညှိနှိုင်း ဆုံးဖြတ်ပြီးမှ လုပ်ကြတာ။ မြန်မာ့ဒီမိုကရေစီရဲ့ သက်တမ်းဟာ နိုင်ငံသက်တမ်း၊ လူမျိုးသက်တမ်းနဲ့ အမျှပဲကွ၊ ဒို့ဆီမှာ အဲဒီလို အများအကျိုးကို အများဆန္ဒနဲ့ ညှိနှိုင်းလုပ်တာဟာ လူမျိုးစရိုက် လက္ခဏာတစ်ခုပဲ။ ဒါကို ဒီမိုကရေစီလို့တော့ ဒို့မသုံးနှုန်းတတ်သေးဘူးပေါ့ကွာ။

(ဠူ) ဒီမိုကရေစီကလဲ ဒီနေ့ကမ္ဘာမှာ အမျိုးမျိုးပါလား။ အရင်းရှင် ဒီမိုကရေစီ၊ ဆိုရှယ်လစ်ဒီမိုကရေစီ၊ လမ်းညွှန်ဒီမိုကရေစီ၊ တိုက်ရိုက်ဒီမိုကရေစီ၊ ကိုယ်စားပြုဒီမိုကရေစီ၊ ပါလီမန်ဒီမိုကရေစီ၊ ဒီမိုကရေစီသစ်၊ ဝက်စ်မင်စတာဒီမိုကရေစီ၊ အမေရိကန်ရဲ့ ပြည်တွင်းစံကတစ်မျိုး၊ ပြည်ပစံကတစ်မျိုး ဖော်စပ်ထားတဲ့ ဒီမိုကရေစီတဲ့ စုံနေတာပဲ။

(ဘိုး) ဒီမိုကရေစီဆိုတာရဲ့ မူလဘူတက ဂရိကွ၊ ဂရိဘာသာနဲ့ ဒီမို ကရာတော့စ်က စတာ၊ ဒီမိုက ပြည်သူ၊ကရာတော့စ်က အရေး အရာလုပ်ဆောင်တာ၊ ရှေးက သက်ဦးဆံပိုင် ကျွန်ပိုင်ရှင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်မှာ ဖိနှိပ်ညှဉ်းပန်းခံရပြီး ကျေးကျွန် ဖြစ်ရ၊ မြေကျွန်ဖြစ်ရတဲ့ လူသားအများစုအတွက် အဲဒီ ဒီမို ကရေစီကို ခရစ်မပေါ်မီ နှစ် ၆၀၀ (လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀) လောက်က ရောမမြို့ပြနိုင်ငံ၊ အေသင်မြို့ပြနိုင်ငံ၊ စပါတာမြို့ပြ နိုင်ငံမှာ ပြည်သူတို့စုဝေး၊ အများဆန္ဒနဲ့ ဆုံးဖြတ်ဖော်ဆောင် တဲ့ ဒီမိုကရာတော့စ်ကို အကောင်အထည်ဖော်ခဲ့တယ်။ နောင် အင်္ဂလိပ်က ဒီမိုကရာတော့စ်ကို ဒီမိုကရေစီလို့မွေးစားယူခဲ့တာ။ အဲဒီ ရှေးခေတ်တိုက်ရိုက် ဒီမိုကရေစီဟာ လူထုကလူထုအတွက် ညှိနှိုင်းဆုံးဖြတ်တော့ ကောင်းတာပေါ့။ ဒါပေမယ့် အဲဒီမှာ လူတန်းစားချင်းမညီမျှလို့ နောင်အဲဒီတိုက်ရိုက် ဒီမိုကရေစီဟာ တိမ်မြုပ်သွားခဲ့ရတယ်။

(ဠူ) နောက်တော့ကော။

(ဘိုး) ဥရောပမှာ အရင်းရှင်စက်မှုလုပ်ငန်း ခေါင်းထောင်လာချိန် ပဒေသရာဇ်ဘုရင်တွေက ဖိနှိပ်လာလို့ အရင်းရှင်(ဘူဇွာ)တွေက ဘုရင့်ဆီက အာဏာလုခဲ့ကြတယ်။ အင်္ဂလန်မှာ ပထမမြောက် ချားလ်စ်ဘုရင်နဲ့ ကရွမ်းဝဲလ်တို့ ပါလီမန်ဂိုဏ်းလက်နက်ကိုင် တိုက်ခိုက်ခဲ့ကြတယ်။ နောက်ပိုင်း ဘုရင်တွေက အလျှော့ပေးပြီး ပါလီမန်နှစ်ရပ်ထောင်၊ အထက်လွှတ်တော်အမတ်တွေကို ဘုရင် ကခန့်၊ အောက်လွှတ်တော်အမတ်တွေကို လူထုကရွေးပြီး အုပ်ချုပ် ဖို့ခွင့်ပြုခဲ့ရတယ်။ အောက်လွှတ်တော် အမတ်နေရာတွေကို ငွေကြေးစရိတ်စက တတ်နိုင်တဲ့ အရင်းရှင်တွေချည်းအရွေးခံ ကြရတယ်။ ဒါကြောင့် အရင်းရှင်ကြီးစိုးတဲ့ ပါလီမန်ဒီမိုကရေစီ လို့ ခေါ်တာပေါ့ကွယ်။ အရင်းရှင်တွေ စီးပွားရေးလောဘဇောတိုက် ပြီး ကမ္ဘာ့နိုင်ငံတွေကို စစ်အင်အားသုံးပြီး ကျူးကျော်တိုက်ခိုက်၊ ကျွန်ပြု၊ သွေးစုပ်ရင်းပိုချမ်းသာလာကြတယ်။ အဲဒီလို ဘယ်နိုင်ငံ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

19-10 (10) 1 10/19/06, 1:53 AM

အမှတ်(၄)လမ်းမကြီး ရာနှုန်းပြည့်ကောင်းမွန်အောင် လမ်းပိုင်းအလိုက် တာဝန်ရှိသူများညှိနှိုင်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

စီမံဖြည့်ဆည်းပေး

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိလာပြီး စာသင်ခန်းများနှင့် ကျောင်းအဆောက်အအုံ အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းဆောင် ပြုပြင်တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များ စီမံဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် တိုက်ကြီးမြို့နယ် လသာကုန်း ကျေးရွာအနီး ရန်ကုန်-ပြည်လမ်းမပေါ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကုန်အလေးချိန်ဖြင့် လမ်းအသုံးပြုခ ကောက်ခံရေးစခန်း (တိုက်ကြီး)သို့ လည်းကောင်း၊ မှော်ဘီမြို့နယ် ရန်ကုန် - ပြည်လမ်းနှင့် ရန်ကုန်အမှတ်(၄) လမ်းမကြီးလမ်းဆုံရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာန၏ တန်ပိုကြေးကောက်ခံရေးစခန်းသို့ လည်းကောင်း ရောက်ရှိလာပြီး ကုန်တင်ယာဉ်ကြီးများအား တန်ချိန်အလိုက် သတ်မှတ်နှုန်းထားများအတိုင်း လမ်းအသုံးပြုခကောက်ခံနေမှုနှင့် တန်ပိုကြေး ကောက်ခံနေမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးအား တန်ပိုကြေး ကောက်ခံရေးစခန်း (မှော်ဘီမြို့နယ်)၏ ဧည့်ခန်းမ၌ တာဝန်ရှိသူများက ကုန်တင်ယာဉ်များကို လမ်းအသုံးပြုခ ကောက်ခံရရှိမှုအခြေအနေ၊ တန်ပိုကြေး ကောက်ခံမှုအခြေအနေနှင့် စက်ပစ္စည်းများ အခြေအနေတို့ကို လည်းကောင်း၊ ရန်ကုန် အမှတ်(၄) လမ်းမကြီး လမ်းသား ပြုပြင်ပြီးစီးမှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် တိုင်းမှူးက ရန်ကုန်မြို့အတွင်းရှိလမ်းများ ပျက်စီးမှုမရှိစေရေးနှင့် လမ်းသား ရေရှည်ကြံ့ခိုင်မှုရှိစေရေးအတွက် မြို့တွင်းသို့ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်ထားသည့် ကုန်တင်ယာဉ်များ ဝင်ရောက်ခြင်းမရှိအောင် မြို့အဝင်ဂိတ်များမှ တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေး ဆောင်ရွက်ကြရန်နှင့် အမှတ်(၄) လမ်းမကြီး ရာနှုန်းပြည့်ကောင်းမွန်အောင်လမ်းပိုင်းအလိုက် သက်ဆိုင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားပြီး အမှတ်(၄) လမ်းမကြီး တစ်လျှောက် လမ်းသားပြုပြင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ပြီးစီးမှု

ဆက်လက်၍ တိုင်းမှူးသည် ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီးကိုဖြတ်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန တိုင်း(၇) ရန်ကုန်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လှော်ကား-ကွန်ပျူတာ တက္ကသိုလ်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ လက်ထောက် အထွေထွေမန်နေဂျာ (မြို့ပြ) ဦးဌေးအောင်က မြေသားလုပ်ငန်း ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ) (သတင်းစဉ်)**

ဦးဘကြိုင်အား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် ရေဝတီလမ်း အမှတ် ၆၅ နေ ဒေါ်တင်တင်နှင့် သားသမီးများက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်း တော်ကြီးအတွက် အလှူတော်ငွေကျပ်၂၃သိန်းကို တိပိဋကရေဆရာတော် ဘဒ္ဒန္တ ကုဏ္ဍာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စက်တင်ဘာ ၂၆ ရက်က ကျောက်တံတားမြို့နယ် အမက(၅)တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုနှင့် ကျောင်းအုပ်ဆရာကြီး ဦးလှကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ဓမ္မပိယရိပ်သာ မဟာဘုံကထိန်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလလမ်း ဓမ္မပိယ သာသနာ့ရိပ်သာ (၁၅)ကြိမ်မြောက် မဟာဘုံကထိန်ပွဲကို ၁၃၆၈ ခုတန်ဆောင်မုန်းလဆန်း ၉ ရက် အောက်တိုဘာ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ လာရောက်ကုသိုလ် ပွားနိုင်ကြောင်း သိရသည်။

(က-ပ)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ကိုသိမ်းပြီး ကျွန်ပြုလိုက်တော့ဆိုတဲ့ အဆုံးအဖြတ်ကို အရင်းရှင်တွေရဲ့ ဒီမိုကရေစီပါလီမန်က ပေးခဲ့တာပေါ့ကွယ်။

(ဠူ) အခုလဲအရင်းရှင်(နယ်ချဲ့)တွေပါးစပ်က ဒီမိုကရေစီ စကားလုံးသုံးပြီး နိုင်ငံတကာကို စွက်ဖက်ထိုးနှက်လာပြန်ပြီလေ အဘိုး။

(ဘိုး) အေး-သူတို့က ကမ္ဘာမြေရဲ့လေးပုံသုံးပုံကို ကျွန်ပြုပြီး အဲဒီနိုင်ငံသားတွေရဲ့ လွတ်လပ်ခွင့်၊ ဒီမိုကရေစီပိုင်ခွင့်၊ လူ့အခွင့်အရေးတွေကို ချိုးဖောက်ပြီး ဗိုလ်ကျစိုးမိုးခဲ့တာပဲ။ ဟော ဒီကနေ့ ဒီမိုကရေစီဆိုတာပြောလာပြန်ပြီ။ ကမ္ဘာမှာ စစ်အာဏာသိမ်းမှု ၂၀၀ ကျော်ရှိရာမှာ အားလုံးလောက် နီးနီးဟာ အမေရိကန်ရဲ့အစီအမံနဲ့ အာဏာသိမ်းခိုင်း၊ မကြိုက်တဲ့အစိုးရ ဖြုတ်ချခိုင်းတာချည်းပဲ။ ဒီအထဲမှာ သူတို့ရဲ့ အာဏာသိမ်းခိုင်းနည်းက အလုပ်မဖြစ်တော့ဘူး။ နိုင်ငံတချို့ ဒို့နိုင်ငံ အပါအဝင်ပေါ့ကွာ။ နယ်ချဲ့ပယောဂကြောင့် နိုင်ငံပြိုကွဲလုလု အချိန်မျိုးမှာ အမျိုးသားရေးတာဝန်သိတဲ့ တပ်မတော်က နိုင်ငံတာဝန်ဝင်ယူခဲ့ရတာမျိုးရှိတယ်။ အဲဒီတပ်မတော်က အမျိုးသားရေးကိုသာ ရှေးရှုပြီး အနောက်ဩဇာမခံတော့ ရန်လုပ်ခံရတာပေါ့ကွာ။

(ဠူ) အဲဒီလို နယ်ချဲ့ထောင်ချောက်ဖြစ်တဲ့ အယောင်ဆောင်ဒီမိုကရေစီ သွတ်သွင်းပြီး အဲဒီနိုင်ငံတွေကို အမေရိကန်ဩဇာအောက် ဆွဲသွင်းနေတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ ပြည်ထောင်စု မပြိုကွဲအောင်ထိန်းရင်း ငြိမ်းချမ်းတည်ငြိမ်အောင်၊ ဖွံ့ဖြိုးအောင်လုပ်နေရတယ်လေ၊ အခု ၁၆ နှစ်တာအတွင်း ပြည်တွင်းငြိမ်းချမ်းရေး အမှန်တကယ်ရပြီး ဖွံ့ဖြိုးတိုးတက်မှုတွေကို လွတ်လွတ်လပ်လပ် ဖော်ဆောင်အောင်မြင်လာပြီပဲ။

(ဘိုး) ဒါကြောင့် ဒို့နိုင်ငံမှာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ (ကျွန်စော်မနံတဲ့ ဒီမိုကရေစီစစ်စစ်) ဖော်ဆောင်ဖို့ အခုရှေ့လုပ်ငန်းစဉ်(၇)ရပ် ချမှတ်လုပ်ဆောင်နေပြီလေ။ ကျင်းပဆဲ အမျိုးသားညီလာခံမှာ ပြည်ထောင်စုတစ်နံတစ်လျားက ကိုယ်စားလှယ်တစ်ထောင်ကျော်ဟာ နိုင်ငံအနာဂတ် ကောင်းကျိုးဖော်ဆောင်မယ့် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ထွန်းဖို့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်နေတာ အတော်ကြီး ခရီးပေါက်အောင်မြင်ခဲ့ပြီ။ ညီလာခံက ချမှတ်ပေးတဲ့မူတွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲမယ်။ ပြည်သူ့ဆန္ဒနဲ့အညီ အတည်ပြုမယ်။ အခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော် နိုင်ငံတော်အကြီးအကဲနဲ့ အစိုးရအဖွဲ့သစ်ဖွဲ့ပြီး နိုင်ငံတော်ပန်းတိုင်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ရာနှုန်းပြည့် အကောင်အထည်ဖော် တည်ဆောက်သွားမယ်၊ ကဲ ဘာလိုသေးလဲ။

(ဠူ) မြန်မာတွေအဖို့တော့ မလိုတော့ဘူးလေ။ ဒီနိုင်ငံကို ဖြိုခွဲပြီး ဒီနိုင်ငံမြေပေါ်မှာ သူတို့ရဲ့ စီးပွားရေးဩဇာ၊ နိုင်ငံရေးဩဇာ၊ စစ်ရေးဩဇာ ထူထောင်စိုးမိုးလိုတဲ့ အမေရိကန်ကတော့ ဒီညီလာခံပျက်အောင် ဖျက်ချင်တယ်။ ဒီအမျိုးသားအင်အားစုတွေကို ဖယ်ရှားပစ်ချင်တယ်။ သူတို့လက်ဖျောက်တီးခေါ်ရင် အမြီးနှံ့ပြီးလာမယ့် လက်ပါးစေပုဆိန်ရိုး အမျိုးသစ္စာဖောက်တွေကို ရုပ်သေးအစိုးရ တင်ပေးလိုတယ်။ ဒါကြောင့်လဲ ပြဿနာမရှိ ပြဿနာကို မီးထွန်းရှာပြီး ထိုးနှက်နေတာပါ။ ကုလသမဂ္ဂကတောင် မြန်မာ့အရေး ဆွေးနွေးနေရပြီလို့ ပြောလို့ရအောင် ခုလို လုပ်တာပေါ့ အဘိုးရဲ့ မဟုတ်လား။

(ဘိုး) အေးလေ၊ အဖျက်သမားကတော့ ဖျက်နေမှာပဲ။ ဒို့က အပြုသမား၊ ကိုယ့်တိုင်းပြည် လုံခြုံငြိမ်းချမ်းတည်ငြိမ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမယ့် တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေကို ဆက်လုပ်နေမှာပဲ။ ပြည်ပြေးပုဆိန်ရိုးတွေနောက်မှာ ကိုလိုနီလက်သစ် (နယ်ချဲ့ပုံစံသစ်)တွေ ရှိနေတာကို သိလို့လဲ ပြည်သူတွေရဲ့ တံတွေးခွက်မှာ အဲဒီပြည်ပြေးပုဆိန်ရိုးတွေ စုံးစုံးမြုပ်နေရတာပေါ့။ ပြည်ပြေး၊ ဝရမ်းပြေး၊ အမျိုးသစ္စာဖောက်တွေကို အသုံးပြုနေလို့လဲ မြန်မာပြည်သူတွေက အမေရိကန်နဲ့ အပေါင်းပါတွေကို စက်ဆုပ်ဆန့်ကျင်နေတာပေါ့။

(ဠူ) တစ်ကမ္ဘာလုံးကို စစ်မီးမွှေး၊ ဒုက္ခပင်လယ်ဝေစေပြီး သူတို့ကောင်းဖို့သက်သက် ခြေရှုပ်စွက်ဖက်နေတဲ့ နယ်ချဲ့သမားတွေဟာ ကမ္ဘာ့ပြည်သူတွေရဲ့ စိမ်ရည်သင့်ဖို့ အလွန်နီးကပ် လာနေပါပြီ အဘိုးရဲ့။

(ဘိုး) ဟုတ်ပါ့မလား မောင်ကာဠူရဲ့။

(ဠူ) ဒါ့ထက်တောင် ပိုသေး။ ။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းထားမှုများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသသည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိပြီး ကျောက်စိမ်းအရိုင်းတွဲများ ခင်းကျင်းပြသထားမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မွန်းလွဲ ၂ နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြပွဲဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည့် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုအခြေအနေများကို လိုက်လံ ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ မြက်ခင်းပြင်နှင့် ဧည့်ကြိုခန်းမ ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုများကိုလည်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာခန်းမ၌ ခင်းကျင်းပြသထားသော ပုလဲအတွဲများနှင့် ကျောက်မျက်အတွဲများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသသည့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာခန်းမ၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အသွင်သစ်ဖြင့် စိမ်းလဲ့ရွှေပြည်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၈

အသွင်သစ်၊ အနှစ်သာရသစ်၊ အကြောင်းအရာသစ်များဖြင့် စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃) အမှတ်(၁၀)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ယင်းဂျာနယ်တွင် သာဂဒိုး၏ ရောဂါသည်များစွာဖြစ်လာပုံ စုံစွာကြည့်ရှု၊ ဟိန်းလတ်၏ ဆရာဝန်တွေ ဆေးရောင်းတာမှန် မမှန်၊ တင်သန်းဦး၏ လုပ်စရာကိုင်စရာ၊ မြတ်ခိုင်၏ "မ"တွေအလိုရှိတယ်တဲ့ အစရှိသည့် ဆောင်းပါးများအပြင် အနုပညာသတင်းများ၊ လက်ရှိတရုတ်၊ ဂျပန်၊ တောင်/မြောက်ကိုရီးယား သတင်းများ၊ ကျေးလက်ဆီမှ ဒိုးပတ်တီးအကနှင့်ရိုးရာတေးသံသာ၊ ကစားခုန်စား မြန်မာ့ကျေးလက်ဓလေ့များ၊ သိပ္ပံနှင့် နည်းပညာတိုးတက်မှု၏ ကောင်းကျိုးနှင့် ဆိုးကျိုး၊ Ace in the Hole စကားလုံး ဘယ်တုန်းက သုံးခဲ့တာ၊ တောဓလေ့ အသောအထေ့များ အစရှိသည့် ပြည်တွင်းသတင်းအစုံ၊ နိုင်ငံတကာသတင်း အဖုံဖုံတို့ ဖော်ပြပါရှိသည်။

သတင်းနှင့် စာမူများပေးပို့လိုလျှင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စိမ်းလဲ့ရွှေပြည်ဂျာနယ် ဖုန်း–၃၈၂၀၇၀ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၁၀–၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားဖူး ခရီးသွားမှတ်တမ်း (အပိုင်း–၁)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ဆေးဖက်ဝင် ဩဇာပင်၏ အာဟာရတန်ဖိုးများအကြောင်း
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	မြန်မာ့ရိုးရာ အစားအစာပြပွဲ
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	(၁၅)နှစ်မြောက် အာဆီယံ–တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် ဂူရှူးသရုပ်ပြပွဲ (အပိုင်း–၁)
၈း၄၀	နိုင်ငံတကာသတင်းကျဉ်း
၈း၄၅	အသည်းခြောက်ရောဂါ ဖြစ်စေနိုင်တဲ့ အချက်အလက်များ (ဒေါက်တာ–ခင်မောင်ဝင်း)
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	**Yangon Panorama (Myanmar Indo best Co.,Ltd Distribution Launch)**
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	ပန်းလှိုင်တံတား
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	ငွေကြွယ်ပွင့်တို့၏ဖြစ်တည်မှု (ချောစုခင်နှင့်သူ၏ အနုပညာခရီးလမ်း)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀	Music Gallery (အချစ်ဆုံးပေးတဲ့ လွမ်းသူ့စာခွေ–ပိုးအိစံ)
၁၁း၃၅	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စာပေနှင့် အနုပညာဆိုင်ရာ မူပိုင်ခွင့်) ဆွေးနွေးခန်း
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဝေဿန္တရာဇာတ်တော်ကြီး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၁၈

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်းနှင့် အောက်တိုဘာ ၁၉ ရက် (ယနေ့) **၌ မန္တလေးတိုင်းမှ ဦးဝေယံဦးနှင့်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဝေဿန္တရာဇာတ်တော်ကြီး ဆက်လက် ကပြတင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၈

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝေဿန္တရာဇာတ်တော်ကြီး ပြိုင်ပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ တတိယနေ့အဖြစ် ဆက်လက်ယှဉ်ပြိုင်ရာ စစ်ကိုင်းတိုင်းမှ ပန်တျာမျိုးသူနှင့်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါ ယှဉ်ပြိုင်တင်ဆက်ပွဲသို့ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူးနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ပျဉ်းမနားခရိုင်အတွင်းရှိ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့မှ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာကို ချစ်ခင်မြတ်နိုးလေးစားကြသော ပြည်သူများက တစ်ခဲနက်လာရောက် ကြည့်ရှုအားပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ဝေဿန္တရာဇာတ်တော်ကြီးပြိုင်ပွဲတွင် ဝေဿန္တရာအဖြစ် ဦးမျိုးသူ၊ ဇူဇကာပုဏ္ဏားအဖြစ် ဦးအိုးဝေ၊ သိဥ္စည်းမင်းကြီးအဖြစ် ဦးအောင်သန်းဌေး၊ မဒ္ဒီဒေဝီအဖြစ် ဒေါ်စိမ်းလဲ့နှင်း၊ ဖုသတီ မိဖုရားကြီးအဖြစ် ဒေါ်မိုးဝါ၊ ဇာလီအဖြစ် မောင်ထိပ်တင်စိုး၊ ကဏှာစိန်အဖြစ် မပိုးသိမ့်ဇော်၊ သိကြားမင်းအဖြစ် ဦးတင်ဝင်းအောင်၊ စေတမုဆိုးအဖြစ် ဦးပုရစ်နှင့် အဖွဲ့သားတို့က ပါဝင်သရုပ်ဆောင် ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ဝေဿန္တရာဇာတ်တော်ကြီး ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ ပန်တျာမျိုးသူနှင့်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ ရေဦးမြို့နယ် NLD ပါတီဝင်ငါးဦး ၎င်းတို့ဆန္ဒအလျောက် စုပေါင်းနုတ်ထွက်

ရန်ကုန် အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းညွန့်ဝင်း၊ တပ်သစ်ကျေးရွာမှ ရပ်/ကျေးဥက္ကဋ္ဌ ဦးညွန့်သောင်နှင့် ရပ်/ကျေး အတွင်းရေးမှူး ဦးစိန်လှ၊ ဆီဆုံကျေးရွာမှ ရပ်/ကျေးဥက္ကဋ္ဌ ဦးဌေးမောင်နှင့် ရပ်/ကျေး အတွင်းရေးမှူး ဦးမန်းတင်တို့ ငါးဦးသည် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး ဇွန် ၃၀ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLDဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ မှားယွင်းသည့် မူဝါဒများနှင့် မှားယွင်းသည့် လုပ်ဆောင်ချက်များကိုသာ တစ်စိုက်မတ်မတ်လုပ်ဆောင်နေကြောင်း၊ NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့ခြင်း၊ အယုံအကြည်မရှိတော့ခြင်းတို့ကြောင့် ၎င်းတို့အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဝင်အဖြစ်မှလည်းကောင်း၊ NLD ပါတီ၏ တာဝန်များမှ လည်းကောင်း၊ ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်အုပ်စုပွဲများ ယှဉ်ပြိုင်ကစား မန်ယူအသင်းရှုံးထွက်အဆင့်တက်ရန်သေချာ

လန်ဒန် အောက်တိုဘာ ၁၈

ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲများကို အောက်တိုဘာ ၁၇ရက် ညပိုင်းကယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ချက်စတာယူနိုက်တက်အသင်းက အိုးထရက်ဖို့ဒ်၌ ကိုပင်ဟောဂင်အသင်းကိုသုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ရှုံးထွက်အဆင့်သို့ တက်ရန်သေချာသွားပြီဖြစ်သည်။

မန်ယူအသင်းအတွက် ဖွေဆော် ဦးဂိုးကို ပေါလ်စခိုးက ပထမပိုင်းပြီးရန် ခြောက်မိနစ်အလိုတွင် ၂၅ကိုက် အကွာမှ မနားတမ်းပြေးကန်သွင်းယူ ခဲ့သည်။

ဒုတိယမြောက်ဂိုးသွင်းယူ

ဒုတိယပိုင်းပြန်စချိန်တွင်ဖာဂူဆန်၏ အသင်းသည် အိမ်ကွင်းနှင့် ဂိုးအသာရမှုတို့ကြောင့်ကိုပင်ဟောဂင်ကိုပင် ဟောဂင်ဂိုးသမား ကာကွယ်ပေးနိုင်၍ တစ်ဂိုးနစ်နာခဲ့ရသည်။

သေချာသွားပြီ

မန်ချက်စတာယူနိုက်တက်အသင်းသည် အုပ်စု(စ)တွင် သုံးပွဲ ဆက်တိုက် အနိုင်ရပြီး စုစုပေါင်း ကိုးမှတ်ရကာ ရှုံးထွက်အဆင့်တက်ရန် သေချာသွားပြီဖြစ်သည်။

ရေးသားတင်ပြသူ

မြင့်မောင်စိုး



မန်ယူအသင်း၏ အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သော ရွန်နေ။
(ဓာတ်ပုံ- အင်တာနက်)

ကို ဖိကစားလာသည်။ ဒုတိယပိုင်းပြန်စပြီး တစ်မိနစ်အတွင်းမှာပင် ဂျွန်အိုရှီယားက မန်ယူအတွက် ဒုတိယမြောက်ဂိုးကို သွင်းပေးနိုင်ခဲ့သည်။

တတိယမြောက်ဂိုးသွင်းယူ

ပွဲပြီးရန် ရှစ်မိနစ်အလိုတွင် လူစားဝင်လာသူ ရစ်ချတ်ဆန်က မန်ယူအတွက် တတိယမြောက်အနိုင်ဂိုးကို သွင်းယူပေးခဲ့ပြန်သည်။

ယင်းပြိုင်ပွဲတွင် ရွန်နေက မန်ယူအသင်းအတွက် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူကစားခဲ့သည်။

တစ်ဂိုးနစ်နာ

လူးဝစ် ဆာဟာသည် ယင်းပြိုင်ပွဲအစတွင် ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း

ဆဲလ်တစ်-ဘင်ဖီကာ

အုပ်စု(စ)မှ ဆဲလ်တစ်အသင်းသည်လည်း အိမ်ကွင်း၌ ဘင်ဖီကာအသင်းကို မန်ယူကဲ့သို့ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

ကာကွယ်ပေးနိုင်ခဲ့

ဆဲလ်တစ်အသင်းအတွက် အနိုင်ဂိုးများကိုမီလ်လာကနှစ်ဂိုးသွင်းပေးပြီး ပွဲသိမ်းချိန်တွင် ပီယာဆွန်က တစ်ဂိုးသွင်းယူပေးခဲ့သည်။ သို့သော်လည်း မာလိုနီသွင်းယူသော ဂိုးကို ဘင်ဖီကာဂိုးသမား ကာကွယ် ပေးနိုင်ခဲ့သည်။ ဆဲလ်တစ်အသင်းသည် သုံးပွဲကစားအပြီး ခြောက်မှတ်ဖြင့် မန်ယူနောက်မှာ လိုက်နေသည်။

ဒိုင်နမိုကိဗ်-လိုင်ယွန်

ပြင်သစ် ပထမတန်း ချန်ပီယံလိုင်ယွန် အသင်းသည် ဒိုင်နမိုကိဗ်အိမ်ကွင်း၌ သုံးဂိုး-ဂိုးမရှိဖြင့် အောင်ပွဲခံခဲ့သည်။

ဦးဆောင်

လိုင်ယွန် အသင်းအတွက် ဂိုးများကို ပွဲချိန်၃၁မိနစ်တွင် ပါနန်ဘူကာနိုကစတင် သွင်းယူခဲ့သည်။ ယင်းနောက် ပွဲချိန် ၃၈ မိနစ်တွင် အောစတောင်းက တစ်ဂိုး၊မာလောက်ဒါကတစ်ဂိုးအသီးသီး သွင်းယူခဲ့ကြသည်။ ပြင်သစ်လိုင်ယွန်အသင်းသည် ချန်ပီယံလိဂ်တွင် သုံးပွဲကစား သုံးပွဲနိုင်ဖြင့် ကိုးမှတ်ရရှိကာ အုပ်စု(င)ကို ဦးဆောင်နေသည်။

ရီးရဲမက်ဒရစ်နိုင်

ထိုနေ့က ယင်းအုပ်စု(င)မှ ရီးရဲမက်ဒရစ်အသင်းသည် စတုအာဘူခါရက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် အနိုင်ဂိုးများကို ရာမို့စ်၊ ရာအူးလ်၊ ရော်ဘင်ဟိုနှင့် နစ္စတယ်ရွိုင်းတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ယင်းအုပ်စုတွင် သုံးပွဲကစား နှစ်ပွဲနိုင်ပြီး ခြောက်မှတ်ရရှိကာ လိုင်ယွန်နောက်မှ လိုက်နေသည်။ **(အင်တာနက်)**

ကိုပင်ဟောဂင်အသင်းဘက်သို့ ဒုတိယအနိုင်ဂိုးသွင်းယူခဲ့သော အိုရှီယားအား ကစားဖော်များက ဤသို့ ဝိုင်းဝန်းဂုဏ်ပြုခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ချန်ပီယံလိဂ်တွင် အာဆင်နယ်ရှုံးပွဲ စတင်ကြုံ ပေါ်တိုနိုင်ပွဲစ၊ အေစီမီလန်အုပ်စုတွင် ဦးဆောင်

မော်စကို အောက်တိုဘာ ၁၈

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် စီအက်စ်ကေအေ မော်စကိုအသင်းကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည်။

မော်စကိုအသင်း၏တစ်လုံးတည်းသော အနိုင်ဂိုးကို ကာဗယ်ဟိုက ပွဲချိန် ၂၄ မိနစ်တွင်သွင်းယူခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်တို့ ချေပဂိုးသွင်းရန် အကြိတ်အနယ်ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။ အွန်နရီ သွင်းယူသောဂိုးမှာလည်း လူကျွံဘောအဖြစ် သတ်မှတ်လိုက်၍ ဂိုးမရခဲ့ပေ။ ယင်းပွဲတွင် စီအက်စ်ကေအေတို့ အိမ်ကွင်းအားသာချက်ဖြင့်

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

အာဆင်နယ်အသင်းကို အနိုင်ရလိုက်၍ အုပ်စု (ဆ)တွင် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲ သရေဖြင့် ခုနစ်မှတ်ရရှိကာ ဦးဆောင်လျက်ရှိသည်။

ဆဲလ်တစ်အသင်းမှ မီလ်လာ(ဝဲ)နှင့် ဘင်ဖီကာမှ လူးဝစ်ဆာအိုတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ပေါ်တိုနိုင်ပွဲစ

အုပ်စု(ဆ)မှအက်ဖ်စီပေါ်တို အသင်းသည် အိမ်ကွင်း၌ ဟမ်းဘတ် အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပေါ်တိုအသင်းအတွက် အနိုင်ဂိုးများကို လိုပက်က အဖွင့်ဂိုးနှင့် အပိတ်ဂိုး သွင်းယူပေးခဲ့ပြီး ဂွန်ဇာလက်ဇ်နှင့် ပိုစတစ်ဂါတို့က တစ်ဂိုးစီ အသီးသီး သွင်းယူခဲ့ကြသည်။ ယင်းပွဲမှာ ပေါ်တိုအသင်း၏ သုံးပွဲကစားရာတွင် ပထမဆုံးအနိုင်ပွဲ ဖြစ်သည်။

အန်ဒါလက်ချ်-အေစီမီလန်

အီတလီစီးရီးအေတွင် ခြေစွမ်းပြနေသော အေစီမီလန်အသင်းသည် အန်ဒါလက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

ဂိုးမသွင်းနိုင်

ပွဲစလျှင်စချင်း နှစ်သင်းစလုံး အနိုင်ဂိုးသွင်းယူနိုင်ရေး တိုက်စစ်ဆင်ကစားသော်လည်း ပထမပိုင်းပြီးသည်အထိ တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ပေ။

သွင်းယူ

အေစီမီလန်တို့ ဒုတိယပိုင်းတွင် တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ ပွဲချိန်၄၈မိနစ်တွင်အေစီမီလန်မှ ဘိုနီရာ နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ သို့သော်လည်း အေစီမီလန်တို့ ၁၀ ယောက်တည်းဖြင့် အန်ဒါလက်ချ်ကို အနိုင်ကစားနိုင်ခဲ့သည်။ အေစီအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၅၈ မိနစ်တွင် ကာကာကသွင်းယူခဲ့ခြင်းဖြစ်သည်။

ဦးဆောင်လျက်

အေစီမီလန်အသင်းသည် ယင်းပွဲအနိုင်ရခဲ့၍ အုပ်စု(ဇ) တွင် သုံးပွဲ ကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ခုနစ်မှတ်ရရှိကာ အုပ်စုကို ဦးဆောင်လျက်ရှိသည်။

လိုင်လီနိုင်

ပြင်သစ်မှ လိုင်လီအသင်းသည် အုပ်စု(ဇ)တွင် ပါဝင်ရာ ထိုနေ့က အေအီးကေအေသင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းအနိုင်ပွဲသည် လိုင်လီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲ သုံးပွဲကစားရာ၌ ပထမဆုံးသော အနိုင်ပွဲဖြစ်သည်။

ရှုံးပွဲမရှိ

လိုင်လီအသင်းသည် ပထမနှင့်ဒုတိယပွဲတွင် သရေပွဲဖြစ်ခဲ့၍ ရှုံးပွဲမရှိသည့် အသင်းလည်း ဖြစ်သည်။

ဆက်လက်ယှဉ်ပြိုင်သွားမည်

သို့ရာတွင် အာဆင်နယ်နှင့် စီအက်စ်ကေအေ၊ ကိုပင်ဟောဂင်နှင့် မန်ယူတို့ စိတ်မကျေပွဲအဖြစ် နိုဝင်ဘာ ၁ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်၍ မြန်မာ့အလင်း ဘောလုံးပရိသတ်အား ကြိုတင်အသိပေး ရေးသားလိုက်ပါသည်။
(အင်တာနက်)

စီအက်စ်ကေအေမှ ဒူဒူ(ဝဲ)နှင့် အာဆင်နယ်မှ ဖာဘရီဂတ်စ်တို့ ဤသို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။
(ဓာတ်ပုံ-အင်တာနက်)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မော်လမြိုင်မြို့နေ(ဦးရွှေသိမ်း) [တိုင်းပညာရေးမှူး(ငြိမ်း)၊ ပဲခူးတိုင်း]-ဒေါ်ခင်ဆွေတင့် [အ-ထ-က(၄)၊ ကျောင်းအုပ်(ငြိမ်း)]တို့၏သား

ဗိုလ်ကြီးတိုးဝင်းရှိန် B.Sc. (Phys:),(O.T.S-99)

နှင့်

ရန်ကုန်မြို့နေ ဦးစံချိန်[ကထိက(ငြိမ်း)ယဉ်ကျေးမှုတက္ကသိုလ်]-ဒေါ်တင်မြင့်[အ-လ-ပြ(ငြိမ်း)] ရွှေကိန္နရီရွှေချည်ထိုးပန်းချီလုပ်ငန်းတို့၏တစ်ဦးတည်းသော သမီး

မမိနှင်းမိုးစံ B.Sc(Hons;),M.Sc(Engineering Phys:) NCC (IDCS) UK,LCCI (UK)

တို့၏ ၁၈-၁၀-၂၀၀၆ရက်တွင် မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းထွန်း၏ ဇနီးဒေါ်မြမြဝင်း၊ မင်္ဂလာပန်းကုံးနှင့်လက်ထက်လက်စွပ်ချီးမြှင့်ပေးသော ဒုတိယဗိုလ်မှူးကြီးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်လင်းသူ၊ ကြွရောက်ချီးမြှင့် ပေးကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးပေးသော Sweet Photo မှ ကိုဝင်းမြင့်နှင့်အဖွဲ့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးတိုးဝင်းရှိန်-မမိနှင်းမိုးစံ။**

သွာနုတ္တသမီးအဖြစ်သတ်မှတ်၍ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မဒေါ်ဥမ္မာလွင်၏သမီးဖြစ်သူ မခိုင်ထက်ထက်သူ ၁၂/ကမရ(နိုင်)၀၅၂၉၁၂သည် မိဘများဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ၎င်းအား ယနေ့မှစ၍ အမွေစားအမွေခံ သွာနုတ္တသမီးအဖြစ်သတ်မှတ်၍ စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဥမ္မာလွင်(ခ)မမီး
၁၂/ကမရ(နိုင်)၀၂၇၂၃၃၊ အောင်ချမ်းသာပွဲရုံ။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ဆိုင်ခန်း အမှတ် (၁)နှင့် (၂)အား ငှားရမ်းရောင်းချခွင့်ချိပ်ပိတ်တင်ဒါခေါ်ယူရန်ရှိပါသည်။

အသေးစိတ်အချက်အလက်များကို သိလိုပါက ၂၃-၁၀-၂၀၀၆ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း အတွင်းရေးမှူး ဆိုင်ခန်းကြီးကြပ်ရေးကော်မတီထံတွင် စုံစမ်းနိုင်ပါသည်။

ဖုန်း-၅၁၃၂၀၁

အတွင်းရေးမှူး
ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ။

အများသိစေရန်ကြေညာချက်

မင်းဧကရာဇ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်(King Excel King Trading Company Limited)၏ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်။

အထက်ပါကုမ္ပဏီလီမိတက်များ၏ အစုရှယ်ယာများကို လွှဲပြောင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် ကန့်ကွက်ရန်ရှိသူ မည်သူမဆို ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါရှိသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ခုနစ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဌေးလွင်(LL.B)၊ ဒေါ်မိုးမိုးခိုင် (LL.B,M.B.L,D.M.L)
တရားရုံးချုပ်ရှေ့နေများ၊
အမှတ် ၉/၁၁၊ အခန်း၁၀၄၊ C.G၊ ၃၆လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁-၆၁၁၄၉၊ ၀၁-၃၈၈၃၆၀၊ ၀၁-၃၈၈၂၄၄၊ Ext:104။

အမည်ပြောင်း

အဖဦးရာတောပ်၏သား အထက (၁၀) တာမွေ တက္ကသိုလ်ဝင်တန်း (A)မှ မောင်ဘောက်သီရမ်းအား မောင်ရဒူးကူမာရ်(ခ)ဇော်ဇော်စိုးဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

ကျေးဇူးဆပ်ပါမည်

မော်တော်ယာဉ် အမှတ် ၆ခ/၉၂၇၀ ၏ အခွန်ပုံစံ(၁) မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၆၄၆၂၈။



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စက်ချုပ်နှင့် ဓာတိုးပန်းထိုးသင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စက်ချုပ်နှင့် ဓာတိုးပန်းထိုးသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ၁၆ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ရင်သွေးရတနာ မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးဒေါ်ဆွေဆွေဦး၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုး၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်စန္ဒာအောင်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည် နေရာချထားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ နေပြည်တော်ရှိ ခရိုင်နှင့်မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် တာဝန်ရှိသူများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က သင်တန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးပြီး လူမှုဝန်ထမ်းဦးစီးဌာန ရင်သွေးရတနာ မူလတန်းကြိုကျောင်းရှိ မူကြိုရင်သွေးငယ်များ၏ ကဗျာ၊ သီချင်းနှင့် ပုံပြောကျွမ်းကျင် တတ်မြောက်မှုတို့ကိုလှည့်လည်ကြည့်ရှုအားပေးကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်သားများကောလိပ်ဓာတုဗေဒမိသားစု အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တက္ကသိုလ် လုပ်သားများ ကောလိပ်တွင် ဓာတုဗေဒ အဓိကဖြင့် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဦးဘိုတင်ဝ ဖုန်း-၃၇၉၂၈၉၊ ဦးစိုးနိုင် ဖုန်း-၅၄၃၇၃၁၊ ဦးရန်အောင် ဖုန်း-၅၄၀၉၆၀၊ ဦးမြင့်စိန် ဖုန်း-၅၂၆၉၆၁၊ ဒေါ်ခင်ခင်တင့် ဖုန်း- ၅၂၆၈၂၆၊ ဦးသန်းဇော် ဖုန်း- ၅၀၅၇၅၀နှင့် ဦးတင်အေး ဖုန်း- ၇၀၆၅၅၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဓမ္မဂုဏ်ရောင်ဆရာတော်အား ဂုဏ်ပြုပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ကာယရပ်ကွက် ဓမ္မဂုဏ်ရောင်ရိပ်သာ စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက သာသနဓဇ ဓမ္မာစရိယ သာသနပါလဓမ္မာစရိယ အရှင်တေဇိန္ဒ[°M.A, ဗာရာဏသီ၊ BHU, Dip in B. Dh, Dip in English (SIBA)] အား ဂုဏ်ပြုပူဇော်ပွဲကို စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ဝါးတန်းကျေးရွာအုပ်စု ပျော်ဘုံကျေးရွာ အောင်မြေဘုံကျောင်း၌ နိုဝင်ဘာ ၁၂ရက်တွင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပိဋကတိုက်ကျောင်း ပရိယတ္တိသာသနပါလအသင်း မဟာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေပိဋကတိုက်ကျောင်း၌ ပုရိမဝါကပ်တော်မူကြသည့် သံဃာတော် အရှင်မြတ်များအား ကထိန်သင်္ကန်းဆက်ကပ်ရာဝယ် ပင့်သံဃာဖြစ်တော်မူကြကုန်သော ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်မှ စာချ၊ စာသင်သံဃာတော်အရှင်မြတ်အပါး ၂၅၀တို့အား ပရိယတ္တိသာသနပါလအသင်းက ကြီးမှူးကာ (၄၈)ကြိမ်မြောက် မဟာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ညောင်တုန်းကျောင်းတိုက် အဘိဓဇ ဆွမ်းစားကျောင်းတွင် (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက်) အောက်တိုဘာ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ တက်ရောက်ကြည်ညိုကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

စစ်ကိုင်းအသင်း(ရန်ကုန်)မဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၁၈

စစ်ကိုင်းအသင်း(ရန်ကုန်)၏ (၂၂) ကြိမ်မြောက်မဟာဘုံကထိန်ပွဲတော်ကို အမှုဆောင်အဖွဲ့ကကြီးမှူး၍ အောက်တိုဘာ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ပင့်သံဃာတော် ၁၅ ပါး တို့အား ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အသင်းသူအသင်းသားများနှင့် စစ်ကိုင်းသူစစ်ကိုင်းသားများကြွရောက် ကုသိုလ်ပြုပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အသွင်သစ်နှင့်ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၁)ထုတ်ဝေဖြန့်ချီ

ရန်ကုန် အောက်တိုဘာ ၁၈

အသွင်သစ်နှင့် ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၁)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါဂျာနယ်တွင် ဒေါက်တာခင်မောင်ညို၏ ကြိုက်ကြိုက်မကြိုက်ကြိုက် ဂလိုဘယ်လိုက်ဇေးရှင်း၊ စိန်ရွှေလှိုင်၏ ဘိုးရာဇာပညာရေးဖောင်ဒေးရှင်း၊ ပြည့်စုံ(သွေးသောက်)၏ ဇာတိသွေးဇာတိမာန်တက်ကြွစေရေး ရုပ်ရှင်များ၊ သတင်းထောက်ခင်မောင်မြင့်၏ ဆို၊က၊ရေး၊တီးပြိုင်ပွဲ ရွှေတံဆိပ် ၁၇ ဆု၊ ငွေခြောက်ဆုရှင် မအိအိချွန်၊ မောင်ရဲစိန်၏ ဓာတ်ခုံပေါ်မှ အမှားများ၊ မြတ်ခိုင်၏ စာဖတ်ရင်မြတ်မယ်၊ စိုးသီဟစိုး၏'ဝ'နယ်မြေဘိန်းအစားထိုးနှင့် ဖွံ့ဖြိုးရေးအတွက် စူပါစွိုင်း၊ သန်းဝေ(တောင်ကြီး)၏ ရှမ်းရိုးမက အိုးစည်သံများ၊မော်ကျွန်းစိုးမြင့်၏ကမ္ဘာတွင် ဘိလပ်မြေအားဖြည့် မီးတောင်ပြာကျောက်(ပိုဇိုလန်) အသုံးပြုမှုခေတ်စား၊ မြန်မာနိုင်ငံတွင် ပိုဇိုလန်တန်ချိန် သန်းထောင်ပေါင်းများစွာ ကြွယ်ဝ၊ ခင်မောင်တင်(ဝဲလောင်)၏ ဝဲလှောင်ရေလှောင်တမံအတွင်း ငါးသားပေါက် ခြောက်သိန်းအခမဲ့စိုက်ထည့်ပေး၊ ကျော်ဇင်ညွှန့်(တရားရုံးချုပ် ရှေ့နေ)၏ သတင်းအသိ(၁)၊ သတင်းစာဆရာတစ်ဦး၏ ပြည်ပမီဒီယာ ကြိုးကိုင်မှုမခံသည့် စာရေးဆရာ သတင်းစာ ဆရာကြီးတက်တိုး၊ သတင်းထောက် ခင်မောင်ညွှန့်၏ ပင်လယ်ပြင်ထွက် ငါးဖမ်းတော့မည်၊ ခင်မောင်သစ်၏ အထူးအစီအစဉ် ဟက်ပီဝါးဆန်းသစ်၊ မြင့်သူရ၏ နာမည်ကျော်ဂျင်ဆင်းပင် စိုက်ပျိုးအောင်မြင်သူများ၊ ခင်အောင်စိုး၏ ပန်းချီဆရာ ၂၅ဦး၏ အနုပညာလက်ရာ ၂၀၀၆ စာမျက်နှာ၊ စိုးသီဟစိုး၏ စာပေထုတ်ဝေခွင့်၊ စုရတီထက်၏ Golden Myanmar ရွှေမှုန်ကပ်ပန်းချီ နိုင်ငံခြားသားများ အကြိုက်တွေ့၊ ခင်အောင်စိုး၏ နှစ်စဉ်မျိုးဆက်သစ် အနုပညာရှင်များမွေးထုတ်ပေး စသည့် သတင်းဆောင်းပါးများအပြင် သတင်းစုံ၊ ကဏ္ဍစုံ၊ ဓာတ်ပုံ ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိသည်။

ရွှေနိုင်ငံကို ထင်ဟပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဥယျာဉ်ခြံ၊ စက်မှုလုပ်ငန်း၊ကုန်ပစ္စည်းထုတ်လုပ်မှု၊ ကုန်သွယ်ရေး၊ ဟိုတယ်နှင့်ခရီးသွား၊ လမ်းဖောက်၊ တံတားဆောက်၊ ဆောက်လုပ်ရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာ၊ အိုင်စီတီ လုပ်ငန်းစသည့် မိမိတို့မြို့နယ်အတွင်းမှ သတင်းဆောင်းပါးများကိုပေးပို့နိုင်ကြောင်း၊ စာမူပေးပို့ရန် လိပ်စာမှာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ ဖုန်း-၃၈၂၀၇၀သို့ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့)
၁၉-၁၀-၂၀၀၆(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	အကပဒေသာ
၈:၂၅	၈။	အဆိုပြိုင်ပွဲ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English For Every Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၁၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၂၀	၇။	အတီးပြိုင်ပွဲ
၁၇:၃၀	၈။	**"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေကရီကျော်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)
၁၇:၃၅	၉။	တေးဂီတအစီအစဉ်
၁၇:၄၅	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	သီရိဂေဟာ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်နတ်သမီး"** (အပိုင်း-၁၀)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ပထမချစ်ပုံပြင်"** (အပိုင်း-၉)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် အောက်တိုဘာ ၁၈

ယန်ယုလန်(ခေါ်)ဒေါ်လီလီယန်းသည် ကစားဖော်များဖြစ်ကြသည့် ဒေါ်ကွီနီ၊ ဒေါ်ကြည်ကြည်ဟန်တို့နှင့်အတူ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်း၌ စက်တင်ဘာ ၂၃ရက်က ဂေါက်သီးရိုက်ကစားကြစဉ် နံနက် ၇နာရီမိနစ်၂၀၌ ကျင်းအမှတ်(၆)တွင် Red Tee မှနေ၍ Precept-00 ဂေါက်သီးကို Callway Big Bertha Iron တုတ်အမှတ်(၅)ဖြင့် ရိုက်ကစားရာ ၁၂၅ ကိုက်အကွာရှိ ကျင်းထဲသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် အောက်တိုဘာ ၁၈

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၄ရက်က ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

ပြီးစီးမှုအခြေအနေ

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်က မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ရှားဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်သော ကွန်ပျူတာသင်တန်း(၂/၂၀၀၆)ကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးနှင့်အဖွဲ့က လိုက်လံကြည့်ရှုကြပြီး တိုင်းရင်းသားရိုးရာ အစားအစာ ရောင်းချပွဲကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(ယာပုံ) (သတင်းစဉ်)**

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှ စက်တင်ဘာ ၁၉ရက်က အမှတ်(၁) ရေစက်ရုံမှ မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်၊ အောင်ဇေယျာရပ်၊ ကျီတော်ကုန်းရပ်၊ ရန်မျိုးအောင်ရပ်နှင့် သီရိမင်္ဂလာရပ်ကွက်များ ရေပေးဝေမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးခင်မောင်ချို့နှင့် အင်ဂျင်နီယာမှူး ဦးမြင့်အောင်တို့က ရှင်းလင်းတင်ပြစဉ်။ (၄၁၄)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး ရည်ရွယ်ချက်များရှင်းလင်း၊ စာအုပ်များလှူဒါန်း

စဉ့်ကူး အောက်တိုဘာ ၅

စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၀၆ခုနှစ် စံပြစာကြည့်တိုက် ၅၀ သတ်မှတ်ရွေးချယ်ပြီး တရားဝင်စာကြည့်တိုက် မှတ်ပုံတင်ရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၆ရက် မွန်းလွဲ ၁နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုဘိုဟန်၊ ရုပ်သံကျွမ်းကျင်(၃) ဦးဝင်းမောင်နှင့် ဝန်ထမ်းများစုပေါင်း၍ ရွာသစ်ကြီးကျေးရွာ ကြေးမုံစံပြစာကြည့်တိုက်တွင် ကျေးရွာတာဝန်ရှိသူများ၊ စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဘိုဘိုဟန်က စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ စာကြည့်တိုက် ထူထောင်ရာတွင် လိုအပ်သည့်အင်္ဂါရပ်များနှင့် နိုင်ငံတော်၏ မူဝါဒလမ်းစဉ်များကို လည်းကောင်း၊ ရုပ်သံကျွမ်းကျင်(၃) ဦးဝင်းမောင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် စာကြည့်တိုက်ကော်မတီဖွဲ့စည်း ဆောင်ရွက်မှုနှင့် စာကြည့်တိုက်များ မှတ်ပုံတင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာထောက်(၃) ဒေါ်ထွန်းစန္ဒာလင်းက ကြေးမုံစံပြစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝခံစားနိုင်ရန် အရန်သားဖွားသင်တန်းဖွင့်

တောင်ငူ အောက်တိုဘာ ၆

တောင်ငူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဝေးလံသီခေါင်သော ကျေးလက်နေ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝခံစားရရှိနိုင်ရန် ရည်ရွယ်လျက် အရန်သားဖွားသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

သင်တန်းဖွင့်ပွဲတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်လေးရီက သင်တန်းတွင် သင်ကြားပို့ချမည့် စာတွေ့နှင့် လက်တွေ့ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ကျေးလက်များမှ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၂၄ပတ် ကြာမြင့်မည်ဖြစ်သည်။ **(၃၇၂)**

သာစည်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အနီး ပျက်စီးနေသော လူကူးတံတားကြီး ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို စက်တင်ဘာ ၆ ရက်က အမှုဆောင်အရာရှိ ဦးသန်းနိုင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစိုးမိုးအောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံနားဆင်စရာ

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လကွယ်နေ့
၂၀–၁၀–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

- ၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (၂၀၀၆ ခုနှစ် ဂျပန်အာဆီယံ စားသောက်ကုန်ပြပွဲဝင်ခွင့်ရ စက်ရုံအကြောင်း)
- ၁၁း၃၅ သုတကမ္ဘာအစီအစဉ်
- ၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ဟင်းနုနယ်ပင်)
- ၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ပျော်မယ်ဆို)

ညပိုင်း

- ၁၆း၁၀ ရာသီခါမီတေးပန်းချီ
  - (၁) မောင်ချစ်သောမိုး (မျိုးမြင့်လေး)
  - (၂) မိအေးကြိုက်တဲ့ သပြေညို (မြမြစံ)
  - (၃) ရွှေမင်းဂံ (ကိုအံ့ကြီး)
- ၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
  - (၁) အတ္တပရမ္မတစေ (ခေါင်းကြီးပိုင်း)
  - (၂) အတ္တ (ဆောင်းပါးသရုပ်ဖော်)
- ၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
- ၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ပန်းတွေနဲ့ဝေ)
- ၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရဖြစ်မှုရှာပုံတော်) (ဒုတိယပိုင်း) (မောင်ဆုရှင်)
- ၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) အချစ်ရူးမလေးပုံပြင် (တင်တင်မြ)
  - (၂) လှိုင်းပုတ်သံကြောင့် ဗျိုင်းလန့်ပျံသည် (မောင်မောင်လတ်)
  - (၃) မောင်မောင်သတ္တိနည်း (တက္ကသိုလ်နီနီမာ)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့်ဝန်ထမ်းများ မိတ္ထီလာလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာတွင် ပန်းအလှပင်များ အစားထိုးခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စာစီစာကုံးပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

ပုလဲ စက်တင်ဘာ ၁၈

မုံရွာခရိုင် ပုလဲမြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ရက်က ပုလဲရတနာခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မစုစန္ဒီအား မြို့နယ်ဥက္ကဋ္ဌဦးနိုင်အေးက လည်းကောင်း၊ ဒုတိယဆုရ မဟန်စုသွယ်အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မမျိုးအေးကလည်းကောင်း၊တတိယဆုရ မသင်းစန္ဒီနိုင်အား မြို့နယ် ပညာရေးမှူး ဒေါ်မိုးသန်းကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေပြည်သာမြို့နယ် အမှတ်(၄) အခြေခံ ပညာ အထက်တန်းကျောင်း၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ပညာရည်မွန် ခန်းမတွင် ကျင်းပရာ တက္ကသိုလ်ဝင်တန်းခြောက် ဘာသာ ဂုဏ်ထူးရှင် မမေသွယ်ထွန်းအား ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းမွန်က ဆုချီးမြှင့်စဉ်။ (က–ပ)

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ရုံးပင်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့မှ ဦးထိုက်စံ-ဒေါ်မြမြသန်း၊ သားမောင်အောင်ပိုင်၊ မောင်နိုင်ဝင်း မိသားစုက အလှူငွေကျပ်သိန်းလေးဆယ်ကို မန္တလေးပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနေဟိတရေ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပအိုဝ်းအမျိုးသားဓမ္မာရုံ ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် တောင်ကြီး ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ကြီးဘဒ္ဒန္တဥတ္တမ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ကြီးအား ဦးထိပ်ပန်ဆင်၍ ပအိုဝ်းဘုန်းတော်ကြီး ၁၇ ကျောင်းအား (၁၃)ကြိမ်မြောက် စုပေါင်းကထိန် သင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၈နာရီတွင် အမှတ် ၃၈ ဗဟန်း၁လမ်း ဗဟန်းမြို့နယ်ရှိပအိုဝ်းအမျိုးသားဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေ၊ အလှူပစ္စည်းများလှူဒါန်းလိုပါက ဖုန်း-၃၈၀၈၇၇သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း (မူလ ကျောင်းဟောင်း)နောက်ကျောဘက် ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန် အတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်-၂ဘီ အဏ္ဏဝါလမ်းသွယ်(၁)ညောင်တန်းအိမ်ရာနေ ဦးသိန်းစံ-ဒေါ်တင်ဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ဝိရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မုဒုံ အထက (၁) အာစရိယပူဇော်ပွဲကျင်းပ

မုဒုံ အောက်တိုဘာ ၁၂

၂၀၀၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့နှင့် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ၅ရက်နံနက် ၁၀နာရီက မုဒုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှင်အရဟံခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးဦးတင့်ဇော်ထူးက အမှာစကားပြောကြားပြီး ဩကာသကန်တော့ချိုးဖြင့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကြသည်။ **(အောက်ပုံ)**

ဩဝါဒစကားပြောကြား

ထို့နောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီး သုံးဦးက ဩဝါဒစကားပြောကြားကြပြီး မြတ်ဆရာသီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၃၃၀)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် ကန်လမ်း ရတနာသိဃ်ပရိယတ္တိစာသင်တိုက် တိုးချဲ့မြေနှင့်ကျောင်းဆောင်သစ်အတွက် လှိုင်မြို့နယ် ကန်လမ်း အမှတ် ၉နေ ဦးရန်နိုင်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း) နှင့် ဇနီး ဒေါ်စန်းစန်းမိသားစု က မိဘများအား ရည်စူးလျက် အလှူငွေကျပ်ငါးသိန်းကို ဘဒ္ဒန္တနေမိန္ဒာဘိသိရီ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော်၏ ရှေ့မှောက်၌ အကျိုးတော်ဆောင် ဦးဇော်မင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သစ္စာလေးပါးတရား ဟောကြားချီးမြှင့်မည် တရားစခန်းဝင်လိုသူယောဂီများ စာရင်းပေးနိုင်

မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၃

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ လယ်တီမူရိပ်သာကျောင်းတိုက်၏ (၈၄)ကြိမ်မြောက် နိဗ္ဗာန်ဝင်လမ်း ခုနစ်ရက်တရားစခန်းကို အောက်တိုဘာ ၈ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ လယ်တီမူကျောင်းတိုက် ပဓာနနာယက ဆရာတော် ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တဓမ္မာနန္ဒက လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်မြတ်တို့အား ဟောကြားချီးမြှင့်လျက်ရှိရာ ခုနစ်ရက်တရားစခန်းသို့ ရဟန်းသာမဏေ၊ အမျိုးသား၊အမျိုးသမီးယောဂီ ၁၈၂ဦး တရားစခန်းဝင်ရောက်လျက်ရှိသည်။

အဆိုပါ လယ်တီမူကျောင်းတိုက်တွင် တစ်နှစ်လျှင်လေးကြိမ် ခုနစ်ရက်တရားစခန်းပွဲ၊ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပွဲများ ကျင်းပလျက်ရှိရာ ဝါခေါင်လပြည့်နေ့မှ လပြည့်ကျော် ၇ ရက်အထိ၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်မှ ၉ ရက်အထိ၊ တပို့တွဲလဆန်း ၈ ရက်မှ လပြည့်နေ့အထိနှင့် သင်္ကြန်အခါတွင် ကြိုတင်၍ နှစ်ဆန်းတစ်ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် တရားစခန်းဝင်လိုသူ ယောဂီများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ဝ၉၇)**

သထုံမြို့နယ် ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဇုန်နယ်မြေ(၅) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

သထုံ စက်တင်ဘာ ၂၅

သထုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဇုန်နယ်မြေ(၅) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် ညနေ ၃နာရီက ဆိပ်ကျွန်းကျေးရွာဘောလုံးကွင်း၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဆိပ်ကျွန်းကျေးရွာ ဘောလုံးအသင်းက မရမ်းကုန်းကျေးရွာ ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး ဆုချီးမြှင့်ခြင်းကို ကျင်းပရာ တတိယဆုရ ကတိုက်ကြီးကျေးရွာအသင်းနှင့် ဒုတိယဆုရ မရမ်းကုန်းကျေးရွာ ဘောလုံးအသင်းတို့ကို ဦးစိုးမင်းက ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ထို့နောက် ပထမဆုရ ဆိပ်ကျွန်းကျေးရွာအသင်းကို ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဟန်က ငွေသားဆု ပေးအပ်ပြီး ဒိုင်းဆုကြီးကို သထုံခရိုင် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မြင့်နှင့် မရမ်းကုန်းကျေးရွာဥက္ကဋ္ဌ ဦးထွန်းအုံတို့က ဆုပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

လမ်းကပ်တုံးပြုလုပ်

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်သော သဲတော-ဝမ်းတွင်း လမ်းနှင့် ရန်ကုန်-မန္တလေး လမ်းမဘေး ကပ်တုံးများပြုလုပ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးစောထွန်းစိန် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

နောင်တရားမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်ညှိနှိုင်း

နောင်တရား စက်တင်ဘာ ၂၅

တောင်ကြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်သည် စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက နောင်တရားမြို့နယ်သို့ ရောက်ရှိလာပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမဆောင်၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သုံးသပ်ညှိနှိုင်းပြီး လိုအပ်သည်များ မှာကြားသည်။

မှာကြား

ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်တင်သည် ဆက်လက်၍ မော်တော်ကား လမ်းမဘေးဝဲယာ ရေစီးရေလာ ကောင်းမွန်ရေး၊ ချိုင့်ခွက်များ ပြုပြင်ဖာထေးရေးနှင့် လမ်းဘေးဝဲယာ၌ ခြံစည်းရိုး ကြက်ဆူပင်များ ပြန်လည်ဖြည့်တင်း စိုက်ပျိုးရေးမှာ ကြားသည်။ **(၃၆၉)**



ကျေးလက်အိမ်ရာ

စဥ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် အဖွဲ့ စက်တင်ဘာ ၃၀ ရက်က မုံပင်ကျေးရွာတွင် ဆောက်လုပ်လျက်ရှိသော ကျေးလက်အိမ်ရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ (၃) ဦးမျိုးညွှန့်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

19-10 (16) 1 10/19/06, 1:53 AM

အမျိုးသားညီလာခံလုပ်ငန်းများ အစီအစဉ်အတိုင်း အောင်အောင်မြင်မြင် ဆောင်ရွက်လျက်ရှိ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၈

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး(၁၁/၂၀၀၆)ကို ယမန်နေ့ည ၇ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာခန်းမ၏ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁** *

အမှာစကား ပြောကြား

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး(၁၁/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲ အစီအစဉ်များ နေပြည်တော်၌ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာရပ်များ၏ထက်မြက်သော စွမ်းအားကောင်းကို အမျိုးသားရေးအတွက် ထိုက်ထိုက်တန်တန် အသုံးပြုပြီး ပြည်သူတစ်ရပ်လုံး၏ စိတ်ပိုင်းဆိုင်ရာ စည်းလုံးညီညွတ်မှု စွမ်းအားကောင်းများ အစဉ်ထာဝရရှိုးကြားနေစေရန် အားသစ်လောင်းသည့်အနေဖြင့် ကျင်းပလျက်ရှိသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စတုတ္ထနေ့ပြိုင်ပွဲ အစီအစဉ်များကို ယနေ့နံနက် ၉ နာရီမှစ၍ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပရာသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ **စာမျက်နှာ ၄ ကော်လံ ၁** ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အက

အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မခင်ခင်သွယ် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အတီး

အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မောင်ဖြိုးကိုကိုအဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

19-10 (20) 1 10/19/06, 1:53 AM